# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၆၈)၊ ၁၃၈၇ ခုနှစ် ၊ ကဆုန်လပြည့်ကျော် ၁၃ ရက် ၊ ၂၄-၅-၂၀၂၅၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ကျိုင်းတုံမြို့ သက်တော်ရှည် ကျိုင်းယင်းဆရာတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း



နေပြည်တော် မေ ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိ သူများ လိုက်ပါ၍ ရှမ်းပြည်နယ်(အရှေ့ ပိုင်း) ကျိုင်းတုံမြို့ သက်တော်ရှည် ကျိုင်းယင်းကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ခေမာစာရအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

စာမျက်နှာ ၃ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ကျိုင်းတုံမြို့ သက်တော် ရှည် ကျိုင်းယင်းကျောင်းတိုက် ဦးစီး ပဓာနနာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ခေမာစာရ ထံ နဝကမ္မအလှူငွေများ၊ စုပေါင်း အလှူတော်ငွေများ၊ လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂၃

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသ ကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေ ပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့် ရှိနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**လာမည့် စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

၂၀၂၅ ခုနှစ်၊ မေ ၂၄ ရက်၊ စနေနေ့။

## ကျောင်းအပ်နှံရေး သီတင်းပတ် ဆောင်ရွက်လျက်ရှိ

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာ(အထက်တန်း၊ အလယ်တန်း၊ မူလတန်း)ကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး **ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့** ဆောင်ပုဒ်ဖြင့် ကျောင်းအပ်နှံရေးရက်သတ္တပတ်ကို မေ ၂၂ ရက်မှ ဇွန် ၁ ရက်အထိ သတ်မှတ်ထားကာ မေ ၂၂ ရက်တွင် ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စတင်ဆောင်ရွက်ကြသည်။

ကျောင်းအပ်နှံရေးသီတင်းပတ်မှစ၍ ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူရေး၊ ကျောင်းနေရေးနှင့် ကျောင်းနေမြဲရေး၊ ပညာသင်ယူခွင့် အခွင့်အလမ်း အပြည့်အဝရရှိစေရေး၊ အခြေခံပညာအဆင့်အလိုက် ပြီးမြောက်စေရေး၊ ကျောင်းသား၊ ကျောင်းသူများအားလုံး အနိမ့်ဆုံးအဆင့် အခြေခံပညာအလယ်တန်းအဆင့် KG+9 ပြီးဆုံးသည်အထိ သင်ယူနိုင်ရေး၊ အလယ်တန်းအဆင့် Grade-9 ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအား စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တွဲဖက်အထက်တန်းကျောင်းများတွင် တက်ရောက်သင်ကြားနိုင်ရေး စသည့်လုပ်ငန်းစဉ်များတွင် အားလုံးပူးပေါင်းကာ ညီညွတ်မှုအပြည့်ဖြင့် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မန္တလေးငလျင်ကြီးကြောင့် အခြေခံပညာကျောင်းများတွင် အဆောက်အအုံများ ထိခိုက်ပြိုကျပျက်စီးခဲ့မှုများ ရှိခဲ့သော်လည်း ကျောင်းဖွင့်ချိန်ပညာသင်ကြားရာတွင် အဆင်ပြေချောမွေ့စေရန် စာသင်ဆောင်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုခွင့်ရရှိသည့် Grade-12 ကျောင်းသား၊ ကျောင်းသူများ သတ်မှတ်စာစစ်ဌာနများတွင် စာမေးပွဲပြီးဆုံးသည်အထိ စိတ်အေးချမ်းမြေ့စွာဖြင့် ဝင်ရောက်ဖြေဆိုသွားနိုင်ရေး အလေးထားဆောင်ရွက်နေပါကြောင်း၊ **ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့** ဆောင်ပုဒ်အတိုင်း အကြောင်းအမျိုးမျိုးကြောင့် ပညာသင်နှစ် နောက်မကျစေရေး ကလေးအားလုံးစဉ်ဆက်မပြတ် ပညာသင်ယူနိုင်ရန် စာသင်ခန်းများအတွင်း ရောက်ရှိရေး အားလုံးဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်က မေ ၂၂ ရက် နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမတွင် ကျင်းပခဲ့သည့် မန္တလေးတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် ပြောကြားခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက နိုင်ငံတော်မှ အခမဲ့ဖြန့်ဝေသည့် မူလတန်းကျောင်းသား၊ ကျောင်းသူတစ်ဦးလျှင် ကျောင်းသုံးပုံနှိပ်စာအုပ်(၁)စုံ၊ ဗလာစာအုပ်(၁)ဒါဇင်၊ ကျောင်းဝတ်စုံ(၁)စုံ၊ ခဲတံ(၄)ချောင်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား၊ ကျောင်းသူတစ်ဦးလျှင် ကျောင်းသုံးပုံနှိပ်စာအုပ်(၁)စုံ၊ ဗလာစာအုပ်(၁)ဒါဇင်၊ ဘောပင်(၂)ချောင်း၊ ခဲတံ(၂)ချောင်း စသည်တို့ကို ခရိုင်၊ မြို့နယ်ပညာရေးမှူးများထံသို့ ပေးအပ်ခဲ့သည်။ ၎င်းနောက် အလှူရှင်များဖြစ်သည့် ရတနာမိုး မန္တလေးကုမ္ပဏီ မိသားစု၊ မန္တလေးတိုင်းဒေသကြီးကိုယ်ပိုင်ကျောင်းများအသင်းမှ တာဝန်ရှိသူများနှင့် ဦးဟန်မြင့်အောင် ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူတို့က အလှူငွေများကို လှူဒါန်းကြရာ တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက လက်ခံ၍ ကျေးဇူးတင်စကားပြောကြားခဲ့သည်။

မန္တလေးမြို့အတွင်းရှိ အခြေခံပညာကျောင်းများတွင်လည်း ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်လျက်ရှိရာ တာဝန်ကျ ဆရာ၊ ဆရာမများက ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ ကျောင်းလာရောက်အပ်နှံရာတွင် စနစ်တကျနှင့် အဆင်ပြေချောမွေ့စေရေး၊ ကျောင်းသားစာရင်းပေးသွင်းရာတွင် စည်းကမ်းတကျ ဖြစ်စေရေးတို့အတွက် ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ချမ်းအေးသာစံမြို့နယ်အတွင်း ကျောင်းအပ်နံရေးအခြေအနေများအား တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီအဖွဲ့မှ ကြည့်ရှုစစ်ဆေး



**မန္တလေး မေ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်အတွင်း ကျောင်းအပ်နံ့ရေး အခြေအနေများအား တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ဇနီး ဒေါ်မမနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၉ နာရီတွင် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကာ ကျောင်းအပ်နံ့ရေးအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ဇနီး ဒေါ်မမနှင့် နာယကအဖွဲ့ဝင် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများ၏ဇနီးများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါ်မီမီစိုး၊ ခရိုင်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းသန့်နှင့်အဖွဲ့၊ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်သက်စုထွန်းနှင့် အဖွဲ့များက ကျောင်းအပ်နံ့မှုအခြေအနေများကို ကြည့်ရှုခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံတော်မှ အခမဲ့ဖြန့်ဝေသည့် အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ပေးအပ်ခဲ့ကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ဇနီး ဒေါ်မမနှင့် တာဝန်ရှိသူများသည် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ Revision သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အားပေးစကားများပြောကြားခဲ့ပြီး အချိုရည်နှင့်မုန့်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**ချမ်းမြေ့မောင်**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး မေ ၂၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ အမရပူရမြို့နယ် ရွှေဥမ်းထုပ်ရပ်ကွက်၊ တရုတ်တန်းလမ်း၊ နဂါးရုံဘုရားဝင်းအတွင်းတို့တွင် ရောင်းချပေးခဲ့သည်။ **(အပေါ်ဝဲပုံ)**

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို မေ ၂၄ ရက်တွင် မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ ၉၁လမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်(၅၀၈)၊ ၈၂လမ်းနှင့် ၈၄လမ်းကြား၊ ဘုရားကြီးတောင်ဘက်မုခ်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။




ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

## တပ်မတော်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အမာခံအနေဖြင့် ဆောင်ရွက်ပေးရမည်

နေပြည်တော်　မေ ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

### နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများကို အရာရှိ၊ စစ်သည်၊ မိသားစုများ သိရှိနားလည်နိုင်ရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်ကုန်ပိုင်းတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေရခြင်း ဖြစ်ကြောင်း။

နိုင်ငံတော်တာဝန်များကို စတင်တာဝန်ယူဆောင်ရွက်ခဲ့ရချိန်တွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် ဆူပူဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ပြီး နောက်ပိုင်းတွင် အကြမ်းဖက်လုပ်ရပ်များကိုပင် လုပ်ဆောင်လာခဲ့ကြကြောင်း၊ ယင်းအချိန်သည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလဖြစ်ပြီး သစ္စာမဲ့သည့်နိုင်ငံ့ဝန်ထမ်းအချို့၏ လုပ်ငန်းခွင်စွန့်ခွာမှုများကိုလည်း ကြုံတွေ့ခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲနှင့် အကျပ်အတည်းများကို နိုင်ငံတော်တွင် ရှိသမျှသောအင်အားစုများဖြင့် ရင်ဆိုင်ကျော်လွှားခဲ့ကြရကြောင်း၊ ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုများကိုလည်း ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်းဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့သဖြင့် နောက်ပိုင်းတွင် အကြမ်းဖက်မှုများ တဖြည်းဖြည်းလျော့ပါးသွားခဲ့ကြောင်း။

### သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ရမှု

အကြမ်းဖက်မှုဖြစ်စဉ်များအပြင် သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရမှုအနေဖြင့် ၂၀၂၃ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ မိုခါမုန်တိုင်းတိုက်ခတ်မှုကြုံတွေ့ခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုအနေဖြင့် ငွေကျပ် ၅၃၄ ဘီလီယံကျော်ခန့် ဆုံးရှုံးခဲ့ရကြောင်း၊ မိုခါမုန်တိုင်းတိုက်ခတ်မှုပြီးလျှင်ပြီးချင်း မိမိကိုယ်တိုင်သွားရောက်ခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်စေခဲ့ရာ ခြောက်လအတွင်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နိုင်ငံတကာမှလည်း ကူညီဆောင်ရွက်ပေးမှုများရှိခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ရာဂီမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် မိုးသည်းထန်စွာရွာသွန်းခဲ့မှု ကြုံတွေ့ခဲ့ရချိန်တွင်လည်း ထိခိုက်ဆုံးရှုံးမှုများ များပြားခဲ့ရကြောင်း၊ မကြာသေးမီက မတ်လ ၂၈ ရက်နေ့တွင်ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီးကြုံတွေ့ခံစားခဲ့ရချိန်၌လည်း နိုင်ငံတော်နှင့် ပြည်သူလူထုတို့တွင် ထိခိုက်ဆုံးရှုံးမှုများ များပြားခဲ့ရကြောင်း၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

နိုင်ငံတော်အနေဖြင့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များ၊ မုန်တိုင်းတိုက်ခတ်မှု၊ ရေကြီးရေလျှံမှုနှင့် ငလျင်ဘေးဒဏ် စသည့် သဘာဝဘေးအန္တရာယ်မျိုးစုံကိုကြုံတွေ့ခဲ့ရကြောင်း၊ မိမိတို့တွင်ရှိသည့် အားများကိုစုစည်း၍ ရင်ဆိုင်ကျော်ဖြတ်ခဲ့ကြရကြောင်း၊ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးမှုများနှင့်ပတ်သက်၍ နိုင်ငံတကာမှကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြကြောင်း၊ ငလျင်လှုပ်ခတ်ပြီး မကြာမီ နာရီပိုင်းအတွင်း မိမိအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ ဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို နိုင်ငံတော်သို့ အသိပေးပြောကြားခဲ့ပြီး နိုင်ငံတကာမှ အကူအညီများရရှိရေးအတွက်လည်း ပြောကြားခဲ့ကြောင်း၊ နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များအနေဖြင့်လည်း မိမိတို့နိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုကြောင့် အသက်ရှင်ကျန်ရစ်သူများကို ကယ်ဆယ်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

စာမျက်နှာ ၄ သို့ ✯

### ❂ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများနှင့် ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က နဝကမ္မအလှူငွေများ၊ စုပေါင်းအလှူတော်ငွေများ၊ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးက သက်တော်(၁၀၀)ပြည့် အထိမ်းအမှတ် ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျိုင်းတုံမြို့ နောင်တုံကန် ထိန်းသိမ်းထားရှိမှု အခြေအနေများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ကန်ပေါင်ပတ်လည်တစ်လျှောက် အားကစားဆောင်ရွက်နေမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

★ စာမျက်နှာ ၃ မှ

### ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေး

မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ခဲ့ခြင်းကြောင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မဖြစ်မနေဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အမြန်ဆုံးပြုလုပ်နိုင်ရန်အတွက် မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ခြင်းများကိုဆောင်ရွက်လျက်ရှိပြီး သန်းခေါင်စာရင်းကောက်ယူခြင်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သန့်ရှင်းသောရွေးကောက်ပွဲဖြစ်စေရေး ဆန္ဒမဲပေးရာ၌ Electronic Voting Machine ဖြင့် မဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ Electronic Voting Machine ဖြင့် မဲပေးခြင်းဖြင့် မဲစာရင်းမှားယွင်းမှုများကို အနည်းဆုံးဖြစ်စေနိုင်ကြောင်း။

ရွေးကောက်ပွဲကျင်းပပြီးချိန်၌ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်များခေါ်ယူရာတွင် လွှတ်တော်အထမြောက်စေရေးအတွက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ **ဆန္ဒမဲပေးမှုနှင့်ပတ်သက်၍ ဒေသနှင့် နိုင်ငံတော်၏အကျိုးကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ရန်လိုကြောင်း၊ တပ်မတော်အနေဖြင့်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အမာခံအနေဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။**

### တိုက်စွမ်းရည်၊ တိုက်စွမ်းအား ပြည့်ဝနေရမည်

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန် အဓိကတာဝန်ရှိပြီး ထိုသို့တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တစ်ဦးချင်းစီအလိုက်၊ တပ်ဖွဲ့တစ်ဖွဲ့ချင်းစီအလိုက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ ပြည့်ဝနေရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအားလုံးသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှမပါရှိဘဲ မိမိတို့သဘောဆန္ဒအလျောက်တပ်မတော်သို့ ဝင်ရောက်အမှုထမ်းကြခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများ၏ တစ်ဦးချင်းအရည်အချင်းများ ပြည့်ဝစေရေး အဆင့်အလိုက် သတ်မှတ်ထားသည့် အခြေခံသင်တန်းများနှင့် သက်ဆိုင်ရာနယ်ပယ်များအလိုက် စစ်ပညာများကို သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း၊ တစ်ဦးချင်းအနေဖြင့် ကျန်းမာရေးကောင်းမွန်စေရေး သတ်မှတ်ထားသည့်ကိုယ်ခန္ဓာကြံ့ခိုင်မှုလေ့ကျင့်ခန်းများကို နေ့စဉ်ဆောင်ရွက်နေရန်လိုပြီး ကိုယ်ခန္ဓာကြံ့ခိုင်မှုရှိမှသာ တိုက်စွမ်းရည်အတွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေသူ တစ်ဦးအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားစဉ်။

အထောက်အကူပြုမည်ဖြစ်ကြောင်း၊ တိုက်စွမ်းရည်ပြည့်ဝစေရေးအတွက် တပ်မတော်သားတစ်ဦးချင်းစီအလိုက် ရှိသင့်ရမည့်အရည်အချင်းများနှင့် တပ်ဖွဲ့တစ်ခုချင်းစီအလိုက် အရည်အချင်းများရှိရမည်ဖြစ်ကြောင်း။

### ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံစီးပွားမြှင့်တင်ခြင်းကို ဖော်ဆောင်ပေးနိုင်ရမည်

နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်နိုင်ရမည်ဖြစ်သည့်အပြင် နိုင်ငံစီးပွားတိုးတက်ရေးအတွက်လည်း တပ်မတော်အနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ တပ်မတော်သားများ၏ စားသောက်နေထိုင်ရေးကို ပြည့်စုံအောင် ဆောင်ရွက်ပေးမည်ဆိုပါက ဒေသစီးပွားတိုးတက်ရေးအတွက်လည်း အထိုက်အလျောက် အကူအညီပေးနိုင်ကြောင်း၊ အလားတူ တပ်တွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များကို ဒေသခံပြည်သူများအား ထိုက်သင့်သည့် ဈေးနှုန်းဖြင့် ရောင်းချပေးနိုင်မည်ဆိုပါက ဒေသစီးပွားရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ အလားတူ တစ်ဦးချင်းဆောင်ရွက်နိုင်သည့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် အရာရှိ၊ စစ်သည် မိသားစုများ၏ သက်သာချောင်ချိရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဒေသအလိုက် လုံခြုံတည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါကလည်း ဒေသ၏စီးပွားဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ သက်ဆိုင်ရာဒေသအလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မှုမှသည် နိုင်ငံစီးပွားမြှင့်တင်မှုကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

### တပ်မတော်သားမိသားစုဝင် သားသမီးများ၏ ပညာရည်မြင့်မားရေး

ပညာရေးနှင့်ပတ်သက်၍ ယခုလ ၂၂ ရက်မှစတင်၍ ကျောင်းအပ်နှံရေးရက်သတ္တပတ်စတင်နေပြီဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများ၏ ပညာရည်မြင့်မားစေရေးအတွက် စဉ်ဆက်မပြတ်ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသဖြင့် မိဘများအနေဖြင့်လည်း မိမိတို့ကလေးငယ်များ၏ ပညာရည်မြင့်မားရေးကို အလေးပေးဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ပညာရေးကောင်းမွန်မှသာလျှင် ၎င်းတို့၏ဘဝတစ်လျှောက်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေနိုင်မည်ဖြစ်သဖြင့် ပညာရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ အလားတူ တစ်နိုင်ငံလုံး ပညာရည်မြင့်မားရေးအတွက် မိမိတို့အစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိပြီး ပညာရေးနှင့်ပတ်သက်သည့် အားပေးထောက်ပံ့မှုမျိုးစုံကို ပြုလုပ်ပံ့ပိုးလျက်ရှိကြောင်း။

စာမျက်နှာ ၅ သို့ ✳



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေသူတစ်ဦးအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားစဉ်။

☆ ဆန္ဒမဲပေးမှုနှင့်ပတ်သက်၍ ဒေသနှင့် နိုင်ငံတော်၏အကျိုးကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ရန်လို

☆ တပ်မတော်အနေဖြင့်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အမာခံအနေဖြင့် ဆောင်ရွက်ပေးရမည်

* စာမျက်နှာ ၄ မှ

တပ်တွင်း၊ တပ်ပြင်စည်းလုံးညီညွတ်ရေးဖြင့် စုစည်းညီညွတ်သည့်အားကို တည်ဆောက်

တပ်တွင်းစည်းလုံးညီညွတ်ရေးနှင့်ပတ်သက်၍ မိမိတို့တပ်အတွင်းနှင့် တပ်အချင်းချင်း စည်းလုံးညီညွတ်မှုရှိအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အရာရှိ၊ စစ်သည်၊ မိသားစုများ အချင်းချင်း တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကို၊ မောင်ရင်းနှမသဖွယ် စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံး နေထိုင်ကြရန်၊ ပေးအပ်လာသည့် အမိန့်နှင့်တာဝန်ကို ကျေပွန်စွာ တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ တွေ့ကြုံနေရသည့်အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ရာတွင်လည်း "**တောင်ကြီးဖဝါးအောက်**"ဟူသည့် စိတ်ဓာတ်များမွေးမြူ၍ ကျော်လွှားဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့်လည်း ဒေသခံပြည်သူများနှင့်အတူ တစ်သွေးတည်းတစ်သားတည်းဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုပြီး တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်သွားကြရန်နှင့် ဒေသအကျိုး၊ ဒေသခံများ၏အကျိုးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ စုစည်းညီညွတ်သည့်အားများဖြင့် ပြည်သူလူထု၏ အကျိုးစီးပွား၊ နိုင်ငံ၏အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း မှာကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ဇနီးက လည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

★ စာမျက်နှာ ၂၄ မှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံများသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် ဆေးရုံများတွင်တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား တစ်ဦးချင်း လိုက်လံကြည့်ရှု၍ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေး တိုးတက်ကောင်းမွန်လာမှုအခြေအနေများနှင့်ပတ်သက်၍ တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ဆေးရုံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) အထူးကုသမှုစင်တာမှ ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။**



# ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပို့ငွေရရှိစေရေးအတွက် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် မေ ၂၃

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ (၂/၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် အထူး ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ ပြတ်တောက်မှုမရှိစေရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့မှုကြောင့် အချိန်တိုအတွင်းမှာ ကုန်သွယ်မှုလုပ်ငန်းများ ပုံမှန်အခြေအနေ ရောက်ရှိအောင် ဆောင်ရွက် ပေးနိုင်ခဲ့ကြောင်း၊ ကုန်သွယ်မှု လျာထားချက်များ ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ရေးအတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ကုန်သွယ်ရေးနည်းလမ်း (Border Trade Method)ဖြင့် (ရန်ကုန်-ကော့သောင်း-ရနောင်း) နှင့် (ရနောင်း-ကော့သောင်း-ရန်ကုန်)သို့ နယ်စပ်ကုန်သွယ်မှု နည်းလမ်းကွန်တိန်နာစနစ်ဖြင့် တင်ပို့/တင်သွင်းခြင်းအား ၂၀၂၄ ခုနှစ် ဇွန်လမှ စတင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကုန်သွယ်မှုစာရင်းများအရ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပို့ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံကျော် ရှိခဲ့တာတွေ့ရှိရကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင်လည်း ကုန်သွယ်မှုပို့ငွေ ရရှိစေရေးအတွက် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ထို့အပြင် ပို့ကုန်တင်ပို့ပြီး ပို့ကုန်ရငွေများ အချိန်မီပြန်လည်ဝင်ရောက်ရေး ကိစ္စရပ်များ၊ စက်သုံးဆီ/စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးမှုကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်မှုအခြေအနေများ၊ CMP လုပ်ငန်းများ ပိုမိုတင်ပို့နိုင်ရေး ကိစ္စရပ်များကို ဦးစားပေးဆောင်ရွက် လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဥက္ကဋ္ဌ၊ ဗဟိုကော်မတီ အဖွဲ့ဝင်များနှင့်အထူးဖိတ်ကြားထားသူများက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။



သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) A.G.T.I ဒီပလိုမာ သင်တန်းအမှတ်စဉ် (၂၁) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနား တက်ရောက်

နေပြည်တော် မေ ၂၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) A.G.T.I ဒီပလိုမာသင်တန်းအမှတ်စဉ်(၂၁)သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလုပ်ခန့်အပ်လွှာပေးအပ်မည့် ဝန်ကြီးဌာနခြောက်ခုမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်းကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များကို ၎င်းတို့ နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်၊စစ်ကိုင်း) တို့ကို တည်ထောင်ဖွင့်လှစ်ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)ကို စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အချိန်ထိ ဝိဇ္ဇာဘွဲ့ ၆၈၅ ဦး၊ သိပ္ပံဘွဲ့ ၁၄၆၇ ဦး၊ A.G.T.I ဒီပလိုမာ ၁၀၁၄ ဦး စုစုပေါင်း ၃၁၆၆ ဦး ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အားပေးထောက်ပံ့ လေ့ကျင့်သင်ကြားပေးမှု၊ ကျောင်းသား ကျောင်းသူများ၏ စဉ်ဆက်မပြတ် ကြိုးစားလေ့လာမှုများကြောင့် ယခုအခါ မဟာဝိဇ္ဇာဘွဲ့ ၇၁ ဦး၊ မဟာသိပ္ပံဘွဲ့ ၁၄၆ ဦး၊ M.Res ဘွဲ့ ၅၅ ဦး၊ Ph.D ဘွဲ့ ၁၅ ဦး၊ B.E ဘွဲ့ ၃၀၁ ဦး၊ M.E ဘွဲ့ ၁၅ ဦး၊ B.Tech ၄၅၂ ဦး အောင်မြင်မှုရရှိခဲ့သဖြင့် အားရကျေနပ်ဖွယ်ဖြစ်ကြောင်း၊ ကျောင်းဆင်း ကျောင်းသား ကျောင်းသူများ အနေဖြင့် အတုယူကြိုးစားအားထုတ်သွားကြရန် လိုကြောင်း၊ မိမိတို့ လေ့လာတတ်မြောက်ထားသည့် အင်ဂျင်နီယာပညာရပ်များကို အခြေခံပြီး လက်တွေ့မြေပြင်မှာကြုံတွေ့ရမည့်အခြေအနေများနှင့်ပေါင်းစပ်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတာဝန်များကို အမှားအနည်းဆုံးဖြင့် အောင်မြင်အောင် အစွမ်းကုန်ကြိုးစား ဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ **"ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ (Keep Moving Forward To Achieve Our Goal)"** ဆိုသည့် ဆောင်ပုဒ်အတိုင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာ၌ တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ဆုပ်ကိုင်ပြီး နယ်စပ်ဒေသမှ တိုင်းရင်းသားလူမျိုးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးဆောင်လမ်းပြနိုင်မည့် ခေါင်းဆောင်ကောင်းများ၊ နိုင်ငံတော်မှ အားကိုးအားထားပြုရမည့် သားကောင်းသမီးမွန်များ ဖြစ်အောင် ကျင့်ကြံနေထိုင်လုပ်ကိုင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားပြီး အင်ဂျင်နီယာဘာသာရပ် ထူးချွန်ဆုရရှိသူ ကျောင်းသူတစ်ဦးအား ထူးချွန်ဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းဆင်းဂုဏ်ပြုညစာစားပွဲအတွက် ချီးမြှင့်ငွေများကို ကျောင်းအုပ်ကြီးထံလည်းကောင်း၊ ဝန်ကြီးဌာန ခြောက်ခုတို့မှ ကိုယ်စားလှယ်များက သင်တန်းဆင်း ကျောင်းသား ကျောင်းသူ ၁၀၆ ဦးထံ အလုပ်ခန့်အပ်လွှာများကိုလည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ထူးချွန်ဆုရကျောင်းသူနှင့် ၎င်းတို့၏ မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုအားပေးစကားပြောကြားကာ ချီးမြှင့်ငွေပေးအပ်ပြီး သင်တန်းဆင်းကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား ဘွဲ့နှင်းသဘင်ခန်းမ၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ပြီး ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေး အစီအစဉ်များကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ မြစ်ကြီးနားမြို့ မနောကွင်းအတွင်း၌ ကျင်းပသည့် မုတ်သုံဦး MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်

မြစ်ကြီးနား မေ ၂၃

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူသည် ယနေ့နံနက်ပိုင်းက စီတာပူ မနောကွင်းအတွင်း၌ ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ သုံးရက်တာ ကျင်းပသွားမည့် မုတ်သုံဦး MSME ထုတ်ကုန်ပြပွဲ/ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။



အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်ဇနီး၊ ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်တို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် MSME လုပ်ငန်းများကို အားပေးမြှင့်တင်ရေး၊ ထုတ်ကုန်အမယ်သစ်များ တိုးမြှင့်ထုတ်လုပ် လာနိုင်စေရေးနှင့် သွင်းကုန်အစားထိုး ပိုမိုသုံးစွဲနိုင်စေရန်၊ ပြည်တွင်းဈေးကွက် ချိတ်ဆက်မှု ပိုမိုခိုင်မာအားကောင်းလာကာ ပြည်ပဈေးကွက်သို့ ချဲ့ထွင်နိုင်စေရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ထို့ပြင် ယနေ့ပွဲတော်တွင် MSME ထုတ်ကုန်ပြိုင်ပွဲကိုလည်း ကျင်းပပြုလုပ်ခြင်းဖြစ်သည့်အတွက် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ/ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရာ အတွေ့အကြုံသစ်များ ပိုမိုရရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီးတို့က ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲအခမ်းအနား တက်ရောက်လာကြသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည်ပွဲတော်အတွင်း ပြသ/ ရောင်းချလျက်ရှိသည့် ပြည်နယ်အတွင်းမှထွက်ရှိသည့် ဒေသထွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်ပြခန်းများ၊ ဒေသထွက် စားသောက်ကုန်များ၊ သမဝါယမနှင့် စားသုံးသူရေးရာပြခန်း၊ သစ်သားပန်းပုနှင့် လက်မှုထုတ်ကုန်ပြခန်း၊ လူသုံးကုန်နှင့် အဝတ်အထည်ပြခန်း၊ ပယင်း၊ ကျောက်မျက်နှင့် ကျောက်စိမ်း လက်ဝတ်ရတနာပြခန်းများ အပါအဝင် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ မလိခ Music Band ၏ စင်တင်တေးဂီတဖျော်ဖြေမှုများ၊ လူသုံးကုန်၊ ဒေသထွက်အစားအသောက်ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ဒေသတွင်း MSME ထုတ်ကုန်လုပ်ငန်းများ ပိုမိုတိုးမြှင့်ထုတ်လုပ်လာနိုင်ရေး၊ ဈေးကွက်ရရှိရေးအတွက် ဈေးရောင်းပွဲတော်များကို ယခုအကြိမ်အပါအဝင် (၅)ကြိမ်မြောက် ကျင်းပပေးခြင်းဖြစ်သည့်အပြင် ယခုဈေးရောင်းပွဲတော်တွင် ထုတ်ကုန်ပြိုင်ပွဲပါထည့်သွင်း ကျင်းပခြင်းဖြစ်ပြီး အဆိုပါ ထုတ်ကုန်ပြိုင်ပွဲသို့ ဒေသတွင်း MSME လုပ်ငန်းရှင် ၁၁ ဦး ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ဆေး ဒုတိယအကြိမ် တိုက်ကျွေး

**မန္တလေး မေ ၂၃**

မိုးရာသီတွင်အဖြစ်များသော ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ဆေးများ တိုက်ကျွေးလျက်ရှိရာ မန္တလေး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည် မြို့နယ်ရှိ သူနာပြုတက္ကသိုလ် (မန္တလေး)တွင် မေ ၂၁ ရက် နံနက်ပိုင်းက ဒုတိယအကြိမ် တိုက်ကျွေးကြသည်။

ထိုသို့ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ဆေးများ တိုက်ကျွေးရာတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဇေရာထက်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဆရာမများနှင့် ဝန်ထမ်းများက သူနာပြုတက္ကသိုလ်(မန္တလေး)ရှိ သင်တန်းသား၊ သင်တန်းသူ ၃၃၁ ဦး၊ ဝန်ထမ်း ၄၀ ဦး၊ မိသားစုဝင် ၃၈ ဦး၊ စုစုပေါင်း ၄၀၉ ဦးအား ဒုတိယအကြိမ် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး တိုက်ကျွေးပေးကြကြောင်း သိရသည်။

(၀၉၃)

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



နေပြည်တော် မေ ၂၃

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ အေးမြဝတီရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ခုတင်(၂၀၀)ဆံ့အထွေထွေရောဂါကုပြည်သူ့ဆေးရုံ အဆောက်အအုံများ ပြန်လည်တည်ဆောက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဆေးရုံအတွင်း တက်ရောက်ကုသမှုခံယူနေသော ဒေသခံပြည်သူများအား ကြည့်ရှုအားပေးစကား ပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် စစ်ကိုင်းမြို့ ရန်နိုင်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ စားသောက်ကုန်ပစ္စည်းလေးမျိုးနှင့် လူသုံးကုန်ပစ္စည်း ရှစ်မျိုး ထောက်ပံ့ပေးမှုများနှင့် ယာယီကျောင်းဆောင် ဆောက်လုပ်ပြီးစီးမှုအခြေအနေများ၊ စစ်ကိုင်းမြို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများ၊ ဘုရားစေတီများနှင့် လူနေအဆောက်အအုံများကို စက်ယန္တရားအင်အားများတိုးချဲ့၍ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများ၊ လုပ်အားပေးရှင်းလင်းဖယ်ရှားနေမှု အခြေအနေများ၊ ယာယီကျောင်းဆောင် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ သံပုဏ္ဏာရာမကျောင်းတိုက် ကျောင်းပရိဝုဏ်အတွင်း ငလျင်ဘေးသင့် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့်ပြည်သူများအား တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် မန္တလေးမြို့အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများအတွက် Modular House များ ဆောက်လုပ်ထားရှိပြီး ငလျင်ဘေးသင့် မိသားစုများအား အခန်းအလိုက် နေရာချထားပေးမှုများ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိ လူနေအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများရှိ အပျက်အစီးများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများ သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မန္တလေးဘူတာကြီးသို့သွားရောက်၍ ငလျင်ဒဏ်သင့်ပြည်သူများအတွက် Modular House များ ရထားဖြင့်သယ်ယူရောက်ရှိမှုအခြေအနေများနှင့် ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ဘူတာကြီးရှိ Control Tower အဆောက်အအုံအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဘုရားစေတီပုထိုးများ၌ အပျက်အစီးများကို အဖွဲ့အစည်းအသီးသီးက ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် အင်းကုန်းကျေးရွာ စွန်ရဲအင်းအတွင်း၌ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များကို ရေပြင်အသက်ကယ်ရာဖွေကယ်ဆယ်ရေးသင်တန်း သင်တန်းပို့ချဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့ပြီး ယခုအခါ ပြန်လည်လည်ပတ်နေသော Noble Science Bagan ကုမ္ပဏီမှ ဆေးရုံသုံးပစ္စည်း (Mask၊ ပတ်တီး၊ Hand Gel)နှင့် ခါတ်ဆားထုတ်လုပ်မှု လုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအပ်လက်ခံနေမှု၊ စုကြီးရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ၊ ဘုရားစေတီပုထိုးများ၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းပြီးစီးမှု၊ ဘုရားပရိဝုဏ် အတွင်း/အပြင် ကြမ်းခင်းများ ပျက်စီးနေမှုများကို စတင်ပြုပြင်ဆောင်ရွက်နေမှုနှင့် ဖောင်းရွာရပ်ကွက်၊ ဖောင်းရွာကွင်း၌ ယာယီဈေးတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်အတွင်း ငါးကြင်း၊ ငါးတန်၊ ငါးမုတ်များအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေး



နေပြည်တော် မေ ၂၃

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်မှုဖြင့် ငါးကြင်း၊ ငါးတန်၊ ငါးမုတ်များကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းနှင့် ပြည်သူများသို့ ဧပြီ ၂၅ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့လှည့်လည်ရောင်းချရာ ယနေ့တွင် ငါးကြင်း ၃၅ ပိဿာ၊ ငါးတန် ၃၅ ပိဿာနှင့် ငါးမုတ် ပိဿာ ၃၀ တို့ကို သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့ကြောင်းနှင့် အပတ်စဉ်(သောကြာနေ့)တိုင်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေး ဆိုင်းဘုတ်စိုက်ထူပွဲ ကျင်းပ



မန္တလေး မေ ၂၃

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေး ဆိုင်းဘုတ်စိုက်ထူပွဲကို မေ ၂၀ ရက် နံနက် ၁၁ နာရီက စိတ္တရမဟီရပ်ကွက်၊ ဆုတောင်းရဘုရားဝင်းရှေ့၌ ကျင်းပသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေး ဆိုင်းဘုတ်စိုက်ထူပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်၊ မြို့နယ်ပညာရေးမှူး တာဝန်ခံ ဒေါ်ချောစုလွင်၊ ဒုတိယမြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြပြီး ကျောင်းအပ်နှံရေး ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ချမ်းအေးသာစံမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်ကာလကို မေ ၂၂ ရက်မှ ဇွန် ၁ ရက်အထိသတ်မှတ်ထားပြီး "ကျောင်းနေအရွယ် ကလေးများအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဆောင်ပုဒ်နှင့်အညီ ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းအပ်နှံခြင်းကို ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ဆရာ၊ ဆရာမများ အားလုံး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံး မှ သိရသည်။ **ချမ်းမြေ့မောင်**

# မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး) အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ ကွင်းဆင်းကုသ၊ ဆေးများလှူဒါန်း

မန္တလေး မေ ၂၃

မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး)အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့မှ ဒေါက်တာရန်နိုင်မိုးဦးဆောင်သော Team-2 အဖွဲ့သည် မေ ၂၂ ရက် နံနက်ပိုင်းက အထွေထွေရောဂါကုဆရာဝန်အသင်းခွဲနာယက ဒေါက်တာမောင်မောင်သန်းနှင့်အတူ Mobile Clinic ကို မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ လမ်း၈၀၊ ၁၉ လမ်းနှင့် လမ်း၂၀ကြား၊ အကွက်(၁၄၇)၊ စက်ရှင်ဝင်းတွင် ငလျင်ဘေးသင့်ပြည်သူအမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၄၄ဦး၊ ကလေးကိုးဦး၊ စုစုပေါင်း ၇၂ဦးကို ကျန်းမာရေးစစ်ဆေး၍ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်ပေးခဲ့သည်။

ရန်ကုန်မြို့မှ လာရောက်သောစိတ်ရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာချိုဇင်နွယ်ကလည်း ငလျင်ဒဏ်ကြောင့် ထိခိုက်မှုစိတ်ပိုင်းဆိုင်ရာများကို နှစ်သိမ့်ဆွေးနွေးပေးပြီး လိုအပ်သည့်ဆေးဝါးများကို တစ်လစာအခမဲ့ပေးဝေ၍ မေတ္တာဖြင့်ကုသပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(ဝ၄၅)



# မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း သွားလာနေသူများထံမှ ရွှေထည်ပစ္စည်းများအား ဆိုင်ကယ်ဖြင့် လိုက်လံလုယက်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် မေ ၂၃

မန္တလေးမြို့ပေါ်ရပ်ကွက်များ၌ ဆိုင်ကယ်စီးနင်းသွားလာနေသူများထံမှ ရွှေထည်ပစ္စည်းများအား ဆိုင်ကယ်ဖြင့်လိုက်လံ၍ လုယက်မှုများ မကြာခဏကျူးလွန်ဖြစ်ပွားလာသဖြင့် ကျူးလွန်သူ တရားခံများအား ဖမ်းဆီးရမိရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အသွင်ယူသတင်းစုံစမ်းခြင်းများဆောင်ရွက်ခဲ့ရာ လုယက်မှုကျူးလွန်သူများဖြစ်သည့် ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေသူများဖြစ်သည့် မျိုးထွန်းနိုင်(ခ)အရှည်ကြီး (၄၆)နှစ် (ဘ) ဦးသိန်းပိုင်နှင့် ကျော်မျိုးသူ(ခ) အောင်ပု (၄၁)နှစ် (ဘ)ဦးကျော်ထွန်းတို့ နှစ်ဦးအား မေ ၂၁ ရက် ညနေ ၄ နာရီခွဲတွင် မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် (၅၅ x ၃၉) လမ်းထောင့်၌ ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုသည့် ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှ သိရသည်။

ဖမ်းဆီးရမိသူနှစ်ဦး၏ ထွက်ဆိုချက်အရ ပါဝင်ပတ်သက်သူများဖြစ်သည့် မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်နေ ဒေါ်ထွေးတင်(၅၃)နှစ် (ဘ) ဦးခင်မောင်အား ညနေ ၅ နာရီခွဲတွင် ၎င်း၏နေအိမ်၌လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်နေသူများဖြစ်သည့် ဇေယျာထွန်း (ခ) ဖိုးဆယ်(၂၉)နှစ် (ဘ) ဦးမြင့်ဦးနှင့် အောင်ထွန်းလင်း(ခ)ကျော်ကြီး(ခ) အောင်ထွန်း(၂၉)နှစ် (ဘ)ဦးလှမြင့်တို့ နှစ်ဦးအား ညနေ ၆ နာရီခွဲတွင် အောင်ပင်လယ်ရပ်ကွက်ရှိ 3 COLOUR တည်းခိုခန်း၌ ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုသည့် ဆိုင်ကယ်တစ်စီးဖြင့်လည်းကောင်း အသီးသီးထပ်မံဖမ်းဆီးရမိခဲ့သည်။

၎င်းတို့၏ ထွက်ဆိုချက်များအရ မျိုးထွန်းနိုင်(ခ) အရှည်ကြီးနှင့် ကျော်မျိုးသူ (ခ) အောင်ပုတို့နှစ်ဦးသည် မေ ၁၁ ရက်က ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက် (၅၂ x ၅၃) လမ်းကြား၌ ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသမီးနှစ်ဦးထံမှ ရွှေဆွဲကြိုးတစ်ကုံးကိုလည်းကောင်း၊ မျိုးထွန်းနိုင်(ခ) အရှည်ကြီး၊ ကျော်မျိုးသူ (ခ) အောင်ပု၊ ဇေယျာထွန်း(ခ) ဖိုးဆယ်နှင့် အောင်ထွန်းလင်း(ခ) ကျော်ကြီး(ခ) အောင်ထွန်းတို့ လေးဦးသည် ဧပြီ ၁၁ ရက်က ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက် (၁၀၇ x ၁၁၀) လမ်းကြား၌ ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသမီးတစ်ဦးထံမှ ရွှေဆွဲကြိုးတစ်ကုံးကိုလည်းကောင်း၊ မေလအတွင်း ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက် (၅၁ x ၅၂) လမ်းကြား၌ ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသမီးတစ်ဦးထံမှ ရွှေဆွဲကြိုးတစ်ကုံးနှင့် (၁၀၇ x ၁၀၈) လမ်းကြား၌ ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသမီးတစ်ဦးထံမှ ရွှေဆွဲကြိုးတစ်ကုံးကိုလည်းကောင်း၊ မေ ၁၇ ရက်က ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက် (၅၂ x ၅၃) လမ်းကြား၌ ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသမီးနှစ်ဦးနှင့် ကလေးတစ်ဦးထံမှ ဆွဲသီးပါ ရွှေဆွဲကြိုးတစ်ကုံးကိုလည်းကောင်း၊ မေ ၁၉ ရက်က ချမ်းမြသာစည်မြို့နယ် မြို့သစ် (၄) ရပ်ကွက် (၁၁၀ x ၁၁၁) လမ်းကြား၌ ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသမီးနှစ်ဦးထံမှ ရွှေဆွဲကြိုးတစ်ကုံးကိုလည်းကောင်း၊ ဇေယျာထွန်း(ခ) ဖိုးဆယ်နှင့် အောင်ထွန်းလင်း(ခ) ကျော်ကြီး(ခ) အောင်ထွန်းတို့နှစ်ဦးသည် ဧပြီလအတွင်း ချမ်းမြသာစည်မြို့နယ် မြို့သစ်(၄)ရပ်ကွက် (၁၁၀ x ၁၁၁) လမ်းကြား၌ ဆိုင်ကယ်စီးနင်းလာသူ အမျိုးသမီးနှစ်ဦးထံမှ ရွှေဆွဲကြိုးတစ်ကုံးကိုလည်းကောင်း၊ မေလအတွင်းက မြို့သစ် (၄) ရပ်ကွက် ၁၀၉ လမ်း (၆၂ x ၆၃) လမ်းကြား၌ ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသမီးတစ်ဦးထံမှ ရွှေဆွဲကြိုးတစ်ကုံးကိုလည်းကောင်း လုယက်ယူဆောင်ခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ လုယက်မှုကျူးလွန်ရာတွင် ရရှိခဲ့သည့် ရွှေထည်ပစ္စည်းများအား ထွေးတင်က နဝလီရွှေဆိုင်များတွင် သွားရောက်ရောင်းချကာ ခွဲဝေသုံးစွဲခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် လုယက်မှုကျူးလွန်သူများဖြစ်သည့် မျိုးထွန်းနိုင်(ခ)အရှည်ကြီး၊ ကျော်မျိုးသူ(ခ) အောင်ပု၊ ဇေယျာထွန်း(ခ)ဖိုးဆယ်၊ အောင်ထွန်းလင်း(ခ)ကျော်ကြီး(ခ)



မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း သွားလာနေသူများထံမှ ရွှေထည်ပစ္စည်းများအား ဆိုင်ကယ်ဖြင့် လိုက်လံလုယက်မှုကျူးလွန်သူ တရားခံများနှင့် သိမ်းဆည်းရမိသက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

အောင်ထွန်းနှင့် ရွှေထည်ပစ္စည်းများအား ရောင်းချပေးသူ ထွေးတင်တို့အား သက်ဆိုင်ရာရဲစခန်းအသီးသီး၌ အမှုရေးဖွင့်ဆောင်ရွက်ကာ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဖြစ်စဉ်များတွင် လုယက်ယူဆောင်သွားခဲ့သည့် သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်း၍ နစ်နာသူပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုယက်မှုကျူးလွန်ခံရသူများအနေဖြင့်လည်း မိမိတို့၏ပစ္စည်းများနှင့်ပတ်သက်၍ ပြစ်မှုဖြစ်ပွားသည့်ရဲစခန်းများ၌ ဆက်သွယ်စုံစမ်းတောင်းခံနိုင်ပါကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

# ကျောက်တံတားမြို့နယ်၌ YBS ယာဉ်လိုင်းများပေါ် အုပ်စုဖွဲ့၍ ခါးပိုက်နှိုက်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ

နေပြည်တော် မေ ၂၃

ရန်ကုန် တိုင်းဒေသကြီး အင်းစိန်မြို့နယ် တောင်သူကုန်း ရပ်ကွက်နေဦးစောလယ်ထူးကျော် (၄၅)နှစ် (ဘ) ဦးကျော်မြင့်သည် သားဖြစ်သူ မောင်ခန့်ထယ်ရိုးစေးထူး (၁၉) နှစ်နှင့်အတူ မေ ၁၉ ရက် နံနက် ၈ နာရီတွင် လမ်းမတော်မြို့နယ် ဝါးတန်းလမ်းမှတ်တိုင်မှ YBS-58 ခရီးသည်တင်ယာဉ်ဖြင့် လိုက်ပါလာခဲ့ရာ ပန်းဘဲတန်းမြို့နယ် လမ်း (၃၀) အရောက်၌ ဦးစောလယ်ထူးကျော်၏ ရင်ဘတ်၌ထားကာ လွယ်ထားသည့် ကျောပိုးအိတ်အတွင်းသို့ အသက်(၃၅)နှစ်ခန့် အမျိုးသားတစ်ဦး(စိစစ်ဆဲ)က ခါးပိုက်နှိုက်နေသည်ကို တွေ့ရှိရသဖြင့် ဦးစောလယ်ထူးကျော်က တွန်းလိုက်ရာမှ အချင်းများကြပြီး ၎င်းအမျိုးသားနှင့် အပေါင်းအပါ ငါးဦးခန့်က ဦးစောလယ်ထူးကျော်နှင့် ၎င်း၏သားဖြစ်သူတို့ နှစ်ဦးအား ပိုင်းဝန်းထိုးကြိတ်ခဲ့ကြောင်း၊ ထို့နောက် ကျောက်တံတားမြို့နယ်ကမ်းနားလမ်း ပန်းဆိုးတန်းမှတ်တိုင်အရောက်၌ အဆိုပါအမျိုးသားငါးဦးခန့်က ဦးစောလယ်ထူးကျော်နှင့် သားဖြစ်သူတို့အား ယာဉ်ပေါ်မှဆွဲချ၍ ပိုင်းဝန်းထိုးကြိတ် ကန်ကျောက်ကာ ဦးစောလယ်ထူးကျော်၏ ဘောင်းဘီအိတ်အတွင်းမှ Redmi 9A အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးအား လုယက်ယူဆောင်သွားခဲ့သဖြင့် ၎င်းတို့နှစ်ဦးတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း တိုင်တန်းချက်အရ ကျောက်တံတား မြို့မရဲစခန်း (ပ)၅၂/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၇၉(နှိုက်)/၃၂၃/ ၁၁၄ ဖြင့် အမှုရေးဖွင့်ကာ ကျူးလွန်သူတရားခံများအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှ သိရသည်။



အောင်ကိုလတ်



ကျော်နိုင်ဦး(ခ)ကျန်ကျောင်း



ဝေဖြိုးအောင်(ခ)ဝေဖြိုး



ပြည့်ဖြိုးထွေး(ခ)ပိစိ



ဇော်ဇော်လွင်(ခ)ဘိုဘို

ဖြစ်စဉ်တွင် အုပ်စုဖွဲ့ခါးပိုက်နှိုက်ကျူးလွန်သူများအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့ရာ ကြည့်မြင်တိုင် မြို့နယ်အတွင်း နေထိုင်သော ယခင်ခါးပိုက်နှိုက်မှုဖြင့် ပြစ်ချက်ဟောင်းရှိသူများဖြစ်ကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်စဉ် ကြည့်မြင်တိုင်မြို့နယ် ဦးမြရပ်ကွက်နေသူများဖြစ်သည့် အောင်ကိုလတ် (၄၂)နှစ်(ဘ)ဦးဝင်းမြင့်၊ ဝေဖြိုးအောင်(ခ)ဝေဖြိုး (၃၀)နှစ် (ဘ) ဦးတင်စိုး၊ ပြည့်ဖြိုးထွေး(ခ) ပိစိ (၂၂)နှစ် (ဘ) ဦးသန့်ဇော်ထွေး၊ ဇော်ဇော်လွင်(ခ) ဘိုဘို(၃၃)နှစ်(ဘ)ဦးကြည်လွင်၊ ကျော်နိုင်ဦး(ခ) ကျန်ကျောင်း (၂၇) နှစ် (ဘ)ဦးလှဦးတို့ ငါးဦးအား မေ ၂၁ ရက် ညနေ ၄ နာရီခန့်တွင် ၎င်းတို့၏နေအိမ်အသီးသီး၌ ဖမ်းဆီးရမိခဲ့ပြီး ဖြစ်စဉ်တွင် ခါးပိုက်နှိုက်မှုကျူးလွန်ခဲ့သူ ကြည့်မြင်တိုင်မြို့နယ်ဦးမြရပ်ကွက်နေ အောင်မိုး (ခ) လှမြိုင် (ခ) တည်ကြီးမှာ ထွက်ပြေး တိမ်းရှောင်လျက်ရှိကြောင်း သိရသည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ မေ ၁၉ ရက်နံနက် ၈ နာရီခန့်တွင် ကျောက်တံတား မြို့နယ်အတွင်း YBS-58 ယာဉ်ပေါ် ဦးစောလယ်ထူးကျော်၏ ကျောပိုးအိတ်အတွင်းမှ ဖုန်းအား အောင်မိုး (ခ) လှမြိုင်(ခ) တည်ကြီးမှ ခါးပိုက်နှိုက်နေစဉ် အောင်ကိုလတ်နှင့် ကျော်နိုင်ဦး (ခ) ကျန်ကျောင်း တို့နှစ်ဦးက ဝန်းရံပေး၍ ဝေဖြိုးအောင် (ခ) ဝေဖြိုး၊ ပြည့်ဖြိုးထွေး(ခ) ပိစိ၊ ဇော်ဇော်လွင် (ခ) ဘိုဘိုတို့က အဆိုပါယာဉ်ပေါ်၌ စောင့်ကြည့်နေခဲ့ကြောင်း၊ လက်ကိုင်ဖုန်းအား နှိုက်ယူနေသည်ကို သိရှိသွား၍ အချင်းများကြရာ ဝေဖြိုးအောင် (ခ) ဝေဖြိုး၊ ပြည့်ဖြိုးထွေး(ခ) ပိစိ၊ ဇော်ဇော်လွင် (ခ) ဘိုဘိုတို့က လက်သီးဖြင့် ထိုးကြိတ်ခဲ့ကြကြောင်း၊ ထို့နောက် ဦးစောလယ်ထူးကျော်၏ သားဖြစ်သူ မောင်ခန့်ထယ်ရိုးစေးထူးအား ပန်းဆိုးတန်းကားမှတ်တိုင်အရောက် ကားပေါ်မှဆွဲချ၍ ပိုင်းဝန်းထိုးကြိတ်ခဲ့ကြကြောင်းနှင့် ခါးပိုက်နှိုက်ယူရရှိခဲ့သည့် Redmi ဖုန်းအား အောင်မိုး(ခ) လှမြိုင်(ခ) တည်ကြီးက ယူဆောင်သွားကြောင်း ဖော်ထုတ်သိရှိရသည်။

ထိုသို့ အများပြည်သူသွားလာအသုံးပြုနေသည့် YBS မြို့တွင်းလိုင်းယာဉ်များပေါ်၌ အုပ်စုဖွဲ့၍ ခါးပိုက်နှိုက်မှု ကျူးလွန်သူများဖြစ်ပြီး ဖမ်းဆီးရမိသူများဖြစ်သည့် အောင်ကိုလတ်၊ ကျော်နိုင်ဦး (ခ) ကျန်ကျောင်း၊ ဝေဖြိုးအောင်(ခ) ဝေဖြိုး၊ ပြည့်ဖြိုးထွေး(ခ) ပိစိနှင့် ဇော်ဇော်လွင် (ခ) ဘိုဘိုတို့အား ၎င်းတို့ကျူးလွန်ခဲ့သည့် အမှုများ ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် ဖမ်းဆီးရန် ကျန်ရှိနေသည့် အောင်မိုး(ခ)လှမြိုင်(ခ)တည်ကြီးအား အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး၊ သက်သေခံပစ္စည်း ပြန်လည် သိမ်းဆည်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။ **သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# မိမိအတွက် အခြေခံဥပဒေပြင်ဆင်ရန် ကြိုးစားနေခြင်း မဟုတ်ဟု တူရကီသမ္မတ အာဒိုဂန် အတိအလင်းငြင်းဆို ပြောကြား



**အန်ကာရာ မေ ၂၃**

သမ္မတ အာဒိုဂန်သည် ၎င်း၏ သက်တမ်း သုံးနှစ် ကုန်ဆုံးချိန်တွင် ရာထူးဆက်လက်ရရှိနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ကြိုးစားနေခြင်းမဟုတ်ဟု အတိအလင်း ငြင်းဆိုလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

၎င်းသည် တူရကီနိုင်ငံကို ၂၂ နှစ်ကြာ ဦးဆောင်ခဲ့ပြီး ၂၀၀၃ ခုနှစ်မှစ၍ ဝန်ကြီးချုပ်အဖြစ်နှင့် ၂၀၁၄ ခုနှစ်မှစ၍ ရွေးကောက်ခံသမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ စည်းမျဉ်းများ ပြောင်းလဲခြင်း သို့မဟုတ် အချိန်မတန်မီ ရွေးကောက်ပွဲ ကျင်းပခြင်းမရှိပါက ၎င်းအနေဖြင့် နောက်ထပ် ဝင်ရောက်အရွေးခံနိုင်မည် မဟုတ်တော့ချေ။

"ကျွန်တော်တို့ဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်ကို ကိုယ့်အတွက်မဟုတ်ဘဲ ကျွန်တော်တို့ နိုင်ငံအတွက် လိုချင်တာပါ။ ပြန်လည်အရွေးခံရတာ ဒါမှမဟုတ် နောက်ထပ် ရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်တာနဲ့ ကျွန်တော်မှာ ဘာအကျိုးစီးပွားမှ မရှိပါဘူး" ဟု ၎င်းက သတင်းထောက်များကို ပြောကြားသည်။

လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတသက်တမ်း ၅ နှစ် နှစ်ကြိမ်သာ ခန့်အပ်ခွင့်ရှိသည်။ အာဒိုဂန်သည် ယခုအခါ တတိယသက်တမ်းတွင် ရှိနေသော်လည်း သူ၏ပထမသက်တမ်းသည် တူရကီနိုင်ငံ ပါလီမန်စနစ်မှ သမ္မတစနစ်သို့ မပြောင်းလဲမီကာလဖြစ်သည်ဟု သူက ငြင်းဆိုခဲ့သည်။

ယင်းပြောင်းလဲမှုအတွက် ၂၀၁၇ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆန္ဒခံယူပွဲ ပြုလုပ်ခဲ့ရပြီး အာဒိုဂန်အား အာဏာများ ပေးအပ်ခဲ့သော်လည်း သမ္မတသက်တမ်း နှစ်ကြိမ်သာ ခန့်အပ်ခွင့်ပြုထားဆဲဖြစ်ကြောင်း သိရသည်။

**Mon**




# ချာဂိုးကျွန်းများအပေါ် လွှမ်းမိုးထားသော အချုပ်အခြာအာဏာကို ဗြိတိသျှအစိုးရက မောရစ်သျှနိုင်ငံသို့ လွှဲပေးရန် သဘောတူညီ

**လန်ဒန် မေ ၂၃**

ဗြိတိသျှအစိုးရသည် ချာဂိုးကျွန်းများအပေါ် လွှမ်းမိုးထားသော အချုပ်အခြာအာဏာကို မောရစ်သျှနိုင်ငံသို့ လွှဲပြောင်းပေးရန် သဘောတူညီမှုကို အတည်ပြုလိုက်ပြီဖြစ်သည်ဟု ဝန်ကြီးချုပ် ဆာကီယာ စတားမားက ထုတ်ဖော်ပြောကြားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယမန်နေ့ မွန်းလွဲပိုင်းတွင် သတင်းထောက်များအား ပြောကြားရာတွင် စတားမားက ဤသဘောတူညီမှုသည် "ဗြိတိန်၏ ကာကွယ်ရေးနှင့် ထောက်လှမ်းရေးအတွက် အလွန်အရေးကြီးပြီး ဗြိတိသျှလူမျိုးများ၏ လုံခြုံရေးအတွက်လည်း အရေးပါသည်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဒေါ်လာ ဘီလီယံချီတန်သော အဆိုပါ သဘောတူညီမှုသည် အိန္ဒိယသမုဒ္ဒရာရှိ ဤကျွန်းစုအုပ်စုတွင် အကြီးဆုံးကျွန်းဖြစ်သော ဒီယာဂိုဂါစီယာရှိ အမေရိကန်-ဗြိတိန်လေတပ်စခန်းကို ဗြိတိန်အနေဖြင့် ၉၉ နှစ်ကြာ ငှားရမ်းခွင့်ဖြင့် ဆက်လက်ထိန်းချုပ်ထားနိုင်မည်ဖြစ်သည်။

စတားမားက "ဤစခန်း၏ မဟာဗျူဟာကျသော တည်နေရာသည် ဗြိတိန်အတွက် အလွန်အရေးကြီးသည်" ဟု ထောက်ပြခဲ့သည်။

အထက်တရားရုံးတစ်ရုံးက စတားမားနှင့် မောရစ်သျှကိုယ်စားလှယ်များကြား အွန်လိုင်းလက်မှတ်ရေးထိုးမှုကို ရွှေ့ဆိုင်းရန် အမိန့်ထုတ်ပြန်ခဲ့ပြီးနောက် မကြာမီအတွင်း ထိုသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

# ထိုင်းဝန်ကြီးချုပ်ဟောင်း ယင်လက်ရှီနာဝါထရာ စပါးအစီအစဉ် ကျရှုံးမှုအတွက် လျော်ကြေးပေးရမည်

**ဘန်ကောက် မေ ၂၃**

နိုင်ငံရပ်ခြား၌ ခိုလှုံနေသည့် ဝန်ကြီးချုပ်ဟောင်း ယင်လက် ရှီနာဝါထရာထံမှ စပါးအစီအစဉ် ကျရှုံးမှုနှင့်ပတ်သက်၍ ပျက်ကွက်မှုဖြင့် ၂၀၁၇ ခုနှစ်တွင် ထောင်ဒဏ် ငါးနှစ်ချမှတ်ခံခဲ့ရပြီး အမေရိကန်ဒေါ်လာ ၃၀၅ သန်း(ထိုင်းဘတ် ၁၀ ဘီလီယံ) လျော်ကြေးပေးရန် ထိုင်းတရားရုံးက မေ ၂၂ ရက်တွင် အမိန့်ချမှတ်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။


ရှီနာဝါမိသားစုဝင် လေးဦးအနက်မှ တစ်ဦးဖြစ်သည့် ယင်လက်သည် စပါးအစီအစဉ်တွင် ဈေးကွက်တန်ဖိုးထက် ၅၀ ရာခိုင်နှုန်းအထိ လယ်သမားများအား ပေးချေခဲ့ပြီး အစိုးရဘဏ္ဍာကို ကြီးမားစွာဆုံးရှုံးစေခဲ့ပြီး အကောက်ခွန်မှုများကို မကာကွယ်နိုင်ခဲ့ရာမှ ထောင်ဒဏ်ကို ရှောင်ရှားရန် နိုင်ငံခြားတွင် ခိုလှုံနေထိုင်လျက်ရှိသည်။

၎င်း၏ ပြည်သူအခြေပြု ဖူထိုင်းပါတီ၏ အဓိကမူဝါဒဖြစ်သည့် အဆိုပါအစီအစဉ်သည် အစိုးရဘဏ္ဍာကို သန်းထောင်ချီ၍ ဆုံးရှုံးစေခဲ့ပြီး စပါးတန်ချိန် သန်းချီကာ ရောင်းမရဖြစ်စေခဲ့သည်။

ထိုအမိန့်မှာ ယင်လက်၏ အယူခံဝင်မှုအပေါ် ချမှတ်ခဲ့သော အမိန့်ဖြစ်ပြီး ယခင်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၇ ဘီလီယံ(ထိုင်းဘတ် ၃၅ ဘီလီယံ)ဘဏ္ဍာရေးဝန်ကြီးဌာနသို့ လျော်ကြေးပေးရန် အမိန့်ချမှတ်ခံခဲ့ရသည်။

အသက် ၅၇ နှစ်အရွယ် ယင်လက်သည် ၂၀၁၁ ခုနှစ်တွင် ရွေးကောက်ပွဲအနိုင်ရပြီးနောက် အာဏာရရှိခဲ့ကာ ၂၀၁၄ ခုနှစ်က နုတ်ထွက်ခဲ့သည်။ ၎င်းသည် လက်ရှိဝန်ကြီးချုပ် ပေတုန်တန် ရှီနာဝါထရာ၏ အဒေါ်ဖြစ်ပြီး ဝန်ကြီးချုပ်ဟောင်း သက်ဆင် ရှီနာဝါထရာ၏ နှမဖြစ်ကြောင်း သိရသည်။

**Mon**



နယ်သာလန်နိုင်ငံခြားရေးဝန်ကြီး ကက်စပါဗဲလ်ကမ့်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိတို့နှစ်ဦး မေ ၂၂ ရက်တွင် ပေကျင်းမြို့ရှိတော်ရှိ တီယောင်ယူတိုင်နိုင်ငံတော် ဧည့်ခန်းဆောင်၌ အစည်းအဝေးမတိုင်မီ လက်ဆွဲနှုတ်ဆက်နေကြစဉ်။ **Mon**

# အကောက်ခွန်ဆိုင်ရာ ကုန်သွယ်ရေးညှိနှိုင်းမှု ဒုတိယပိုင်းအပြီးတွင် အမေရိကန်နှင့် ဗီယက်နမ် ဆက်လက်ဆွေးနွေးရန် သဘောတူညီ

**ဟနွိုင်း မေ ၂၃**

အမေရိကန်နှင့် ဗီယက်နမ်တို့သည် အကောက်ခွန်ဆိုင်ရာ ကုန်သွယ်ရေးညှိနှိုင်းမှု ဒုတိယပိုင်းအပြီးတွင် မဖြေရှင်းရသေးသည့်ကိစ္စရပ်များကို ဆက်လက်ဆွေးနွေးရန် သဘောတူညီခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဒုတိယအဆင့်ညှိနှိုင်းမှုကို မေ ၁၉ ရက်နှင့် ၂၂ ရက်များတွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော်၌ ကျင်းပခဲ့ပြီး ဗီယက်နမ်ကုန်သွယ်ရေးဝန်ကြီး ငုယင်ဟုန်တီယင်နှင့် အမေရိကန်ကုန်သွယ်ရေး ကိုယ်စားလှယ် ဂျေမီဆန်ဂရီယာတို့ ပါဝင်ခဲ့သည်။

အဆိုပါ ညှိနှိုင်းမှုအပြီးတွင် ဗီယက်နမ်နှင့် အမေရိကန်တို့သည် အပြုသဘောဆောင်သော တိုးတက်မှုများ ရရှိခဲ့ပြီး သဘောတူညီမှုရရန် နီးစပ်ပြီဖြစ်သော ကိစ္စရပ်များနှင့် အနာဂတ်တွင် ဆက်လက်ဆွေးနွေးရန် လိုအပ်သည့် ကိစ္စရပ်များကို ဖော်ထုတ်နိုင်ခဲ့ကြသည်" ဟု ဆိုသည်။

ထို့အပြင် ဇွန်လအစောပိုင်းတွင် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ရန် လိုအပ်ကြောင်း သိရသည်။

**Mon**






STOP AIDS

# ဆန်ဒီယာဂိုရှိ တပ်မတော်အိမ်ရာရပ်ကွက်တစ်ခုအတွင်းသို့ လေယာဉ်ပျက်ကျမှုဖြစ်ပွား၊ လိုက်ပါသူများ သေဆုံး

**ဝါရှင်တန် မေ ၂၃**

မေ ၂၂ ရက် အစောပိုင်းက အမေရိကန်ပြည်ထောင်စု ဆန်ဒီယာဂိုရှိ တပ်မတော်အိမ်ရာရပ်ကွက်တစ်ခုအတွင်းသို့ ပျက်ကျခဲ့သော သီးသန့်လေယာဉ်ပေါ်ရှိ လူများသေဆုံးခဲ့သော်လည်း မြေပြင်ပေါ်ရှိ မည်သူမျှ ဒဏ်ရာမရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုလေယာဉ်သည် လူရှစ်ဦးမှ ၁၀ ဦးအထိ လိုက်ပါနိုင်သော်လည်း လိုက်ပါသူ အရေအတွက်ကို မသိရသေးကြောင်း ဆန်ဒီယာဂိုမီးသတ်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒန်အက်ဒီက သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားသည်။

လေယာဉ်သည် နံနက် ၄ နာရီ မတိုင်မီ အမေရိကန်တပ်မတော်၏ အကြီးဆုံးအိမ်ရာရပ်ကွက်အတွင်း ပျက်ကျခဲ့ပြီး မီးလောင်ပျက်စီးကာ ပြိုကျသွားသော အိမ်တစ်လုံးအပါအဝင် ယာဉ်ခြောက်စီးခန့်ကို ထိခိုက်စေခဲ့သည်။

အိမ်ပေါင်း ၁၀ လုံးခန့် ပျက်စီးခဲ့သော်လည်း အိမ်တွင်းရှိ မည်သူမျှ ဆေးရုံသို့ အလျင်အမြန်ပို့ဆောင်ရန် မလိုအပ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

လေယာဉ်ပျက်ကျပြီး နာရီပေါင်းများစွာ အကြာတွင် ဂျက်လောင်စာဆီနံ့များ လေထဲတွင် ကျန်ရှိနေခဲ့ပြီး အာဏာပိုင်များက မီးလောင်နေသော ကားတစ်စီးကို ငြိမ်းသတ်ရန် ကြိုးစားနေခဲ့ကြသည်။ သူတို့သည် ပျက်ကျပြီးနောက်ပိုင်း ထိတ်လန့်ဖွယ်ရာ မြင်ကွင်းကို ဖော်ပြခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0

# မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား သံဖြူမဟာမြိုင်တောရဆရာတော်နှင့်အဖွဲ့မှ သွားရောက်ဖူးမြော် ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီနှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းပေးအပ်

**မန္တလေး မေ ၂၃**

သံဖြူမဟာမြိုင်တောရဆရာတော် ဒေါက်တာဘဒ္ဒန္တပညာဇောတ မထေရ်မြတ်နှင့် ကိုရီးယားဆရာတော် Mr.Jung Sungu, Bo Mun Jung Sa Yongin Shi , Republic of Korea နှင့် အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးသို့ သွားရောက်ပြီး မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။





၎င်းနောက် သံဖြူမဟာမြိုင်တောရကျောင်းဆရာတော်ကြီးနှင့် အဖွဲ့သည် အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီးကြောင့် မဟာမုနိဘုရားကြီး ထိခိုက်ပြိုကျပျက်စီးခဲ့မှုအခြေအနေများ၊ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ထိန်းသိမ်းထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုကြသည်။

ဆက်လက်၍ သံဖြူမဟာမြိုင်တောရဆရာတော်နှင့် အဖွဲ့အား ဘုရားကြီးရှိ စွယ်တော်တိုက်ရှင်းလင်းဆောင်၌ မဟာမုနိဘုရားကြီး မတ်လ ၂၈ ရက် မွန်းလွဲပိုင်းက လှုပ်ခတ်ခဲ့သည့် အင်အားအလွန်ပြင်းသည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့မှု CCTV မှတ်တမ်း Video Clip အား ပြသပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်း၊ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌတို့က ထိခိုက်ပြိုကျပျက်စီးခဲ့မှု၊ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ရှေ့ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးလျှောက်ထားကာ ဩဝါဒများခံယူပြီးနောက် နေ့ဆွမ်း ဆက်ကပ်ခဲ့သည်။

ဆက်လက်၍ သံဖြူမဟာမြိုင်တောရကျောင်း ဆရာတော်ကြီးနှင့် အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ ဝင်းယူနတီဟိုတယ်တွင် ခေတ္တသီတင်းသုံးတော်မူပြီးနောက် သံဖြူမဟာမြိုင်တောရဆရာတော် ဒေါက်တာဘဒ္ဒန္တပညာဇောတ မထေရ်မြတ်နှင့် ကိုရီးယားဆရာတော် Mr.Jung Sungu, Bo Mun Jung Sa Yongin Shi , Republic of Korea ဦးဆောင်သော တပည့်ဒါယကာ၊ ဒါယိကာမများက ငလျင်ဘေးသင့်ပြည်သူများအတွက် ပေးအပ်လှူဒါန်းသည့် အိမ်ထောင်စု ၅၀၀၀ အတွက် ငွေသားကျပ်သိန်း(၅၀၀)၊ ဆန်၊ ဆီနှင့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀













# မန္တလေးလျှင်ကြီးကြောင့် လျှင်ဘေးဒဏ်သင့်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ လာရောက်လှူဒါန်း





မန္တလေး မေ ၂၃

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က မြန်မာနိုင်ငံ ပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပစေတနာရှင်၊ ရဟန်း၊ ပြည်သူများမှ အလှူငွေများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းမှုအနေဖြင့် အလှူရှင်များဖြစ်သည့် သဲဖြူမဟာမြိုင်တောရ ဆရာတော် ဒေါက်တာဘဒ္ဒန္တပညာဇောတမထေရ်မြတ်နှင့် ကိုရီးယား ဆရာတော် Mr.Jung Sungu, Bo Mun Jung Sa Yongin Shi, Republic of Korea ဦးဆောင်သော တပည့်ဒါယကာ၊ ဒါယိကာမများက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများဖြစ်သည့် တန်ဖိုးငွေကျပ်သိန်း(၄၅၀၀)ရှိ Oxygen Concentrator (၁၀၀)လုံး၊ ငွေသားကျပ်သိန်း(၁၀၀၀)ကိုလည်းကောင်း၊ မုံရွာဆရာမိုးတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့် ရွှေသု by KS Diamond စိန်ရွှေရတနာဆိုင်မိသားစုက အလှူငွေကျပ်သိန်း(၁၀၀)ကိုလည်းကောင်း၊ ကိုဆန်းဒေးအောင်+မဆန်းသီရိကျော် Dr.Handmade Gem & Jewelry မိသားစုက အလှူငွေကျပ်သိန်း(၁၀၀)ကိုလည်းကောင်း စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ လာရောက်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံ၍ ကျေးဇူးတင်စကားပြောကြားခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**













# မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မိတ္ထီလာခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများအား ကွင်းဆင်းစစ်ဆေး



**မန္တလေး မေ ၂၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ လိုက်ပါပြီး ယနေ့ မွန်းလွဲပိုင်းက မိတ္ထီလာခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်သားမြို့နယ် နွေစပါး ပန်းတိုင်အတွက် နှုန်းရရှိရေး နည်းပညာပေးစံပြကွက်သို့ ရောက်ရှိပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးက နွေစပါးသီးနှံ ပန်းတိုင်အတွက်နှုန်းရရှိရေး၊ စိုက်ပျိုးရေးအခက်အခဲမရှိစေရေး၊ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်နေမှုများနှင့် တောင်သူများအား စိုက်ပျိုးရေး နည်းပညာများ ဖြန့်ဝေပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သဘာဝဘေး အန္တရာယ်ကျရောက်မှုများကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများတွင် ထိခိုက်မှုများ ရှိခဲ့ပါကြောင်း၊ လုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးနေပါကြောင်း၊ စာရေရိက္ခာဖူလုံရေးအတွက် နိုင်ငံတော်၏ ရည်မှန်းချက်များ ပြည့်မီအောင် ဝိုင်းဝန်းပူးပေါင်းကာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး တက်ရောက်လာသူများ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်အတွင်း မြေအောက်တမံ ဆောင်ရွက်နေသည့် ရိုးစုံကျေးရွာအနီးရှိ စွန်ချောင်းမြေအောက်တမံနှင့် ဆားတောင်ကျေးရွာအနီးရှိ ဆားတောင် မြေအောက်တမံသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ မြေအောက်တမံ ဆောင်ရွက်နေသည့် နေရာများသို့ ရောက်ရှိစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းနိုင်နှင့် တာဝန်ရှိသူများက မြေအောက်တမံများတည်ဆောက်ရန်အတွက် ဦးစားပေး နေရာရွေးချယ်ရာတွင် ကျေးရွာများနှင့် နီးခြင်း၊ သွားလာရန်လွယ်ကူခြင်း၊ ခြောက်သွေ့ရာသီတွင် စိုက်ပျိုးရေးနှင့် သောက်သုံးရေ ခက်ခဲမှုရှိသောနေရာများ ဖြစ်ခြင်း၊ အနီးအနားတွင် စိုက်ပျိုးမြေဧရိယာများရှိခြင်း၊ ချောင်းကြမ်းပြင်တွင် ရေသိုလှောင်နိုင်သည့် သင့်တင့်သော သဲထုလွှာ ရှိခြင်း၊ သဲလွှာအောက်ဘက် သင့်တင့်သော အနက်တွင် ရေလုံမြေလွှာရှိခြင်း၊ တည်ဆောက်ရေး ပစ္စည်းများ အလွယ်တကူရရှိနိုင်ခြင်းတို့အပေါ် အခြေခံ၍ ဦးစားပေးရွေးချယ်ခဲ့မှုများနှင့် လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြေအောက်တမံများတည်ဆောက်ခြင်းကြောင့် ဒေသခံပြည်သူလူထုအတွက် အထောက်အကူများစွာ ပြုစေမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဒေသခံပြည်သူများနှင့် ရင်းနှီးစွာ တွေ့ဆုံကာ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စဉ့်ကိုင်မြို့နယ်ရှိ ကျွန်းဦးဆိုလာစနစ်ရေတင်စီမံကိန်းသို့ သွားရောက်ကြည့်ရှုရာ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်ဦးက ဒုဋ္ဌဝတီမြစ်မှ ရေကို ဆိုလာစနစ်ဖြင့် ရေစုပ်တင်၍ စိုက်ပျိုးရေပေးဝေနိုင်ရန် ကျွန်းဦး ဆိုလာစနစ် ရေတင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဒေသခံပြည်သူများအတွက် ရရှိမည့်အကျိုးကျေးဇူးများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စီမံကိန်းအတွင်းလုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**









သတင်း-စာမျက်နှာ ၁၂



သတင်း-စာမျက်နှာ ၁၁



သတင်း-စာမျက်နှာ ၁၃
















သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစို။

# ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဇွန်လ(၅)ရက်

WORLD ENVIRONMENT DAY

UN environment programme



" ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေး"

"Ending Plastic Pollution Globally"

## ဆင်ပေါင်ဝဲမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်လက်ခံ

**ဆင်ပေါင်ဝဲ မေ ၂၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းနေအရွယ် ကလေးများ ပညာသင်ကြားနိုင်ရေး အခြေခံပညာကျောင်းများ၌ ကျောင်းအပ်ခြင်းကို ယနေ့နံနက် ၈ နာရီမှ စတင်၍ လက်ခံလျက်ရှိသည်။

ဆင်ပေါင်ဝဲမြို့နယ်တွင် မေ ၂၂ ရက်မှ စတင်၍ ဇွန် ၁ ရက်အထိ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံရေး လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံရာတွင် ကျောင်းသုံးပစ္စည်းများဖြစ်သည့် ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ဘောလ်ပင်၊ ခဲတံနှင့် ဝတ်စုံတို့ကို နိုင်ငံတော်အစိုးရက အခမဲ့ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**စန့်ဝင်း(ဆင်ပေါင်ဝဲ)**

*-*-*-*-*

*-*-*-*-*-*-*





## စာဖတ်ရှိန်မြှင့်တင်ရေးအတွက် လူငယ်ဆိုင်ရာ စွမ်းရည်မြှင့်မားရေးပြိုင်ပွဲများ ကျင်းပ

**ဇေယျာသီရိ မေ ၂၃**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပုဗ္ဗသီရိမြို့နယ် အဝါရောင်မျိုးဆက်သစ်လူငယ် ပရဟိတအသင်း (YGW) မှ ကျောင်းသား၊ ကျောင်းသူများအား ဖိတ်ခေါ်၍ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် လူငယ်ဆိုင်ရာ စွမ်းရည်မြှင့်မားရေးပြိုင်ပွဲများကို မေ ၂၁ ရက် မွန်းလွဲပိုင်းတွင် ပြည်သူ့စာကြည့်တိုက်အတွင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ပြိုင်ပွဲတွင် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြစန်းရီက ကလေးငယ်များ ပြည်သူ့စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိပြီး ကျောင်းစာအပြင် ပြင်ပအသိပညာဗဟုသုတများ ကြွယ်ဝစေရန် ရည်ရွယ်၍ ယခုလို ပြည်သူ့စာကြည့်တိုက်သို့ ဖိတ်ခေါ်ပြီး စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပြပွဲများ၊ ပြိုင်ပွဲများ ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဦးဆောင်၍ ကလေးငယ်များကို ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ပန်းချီဆေးရောင်ခြယ်ပြိုင်ပွဲများ ကျင်းပပေးခဲ့ပြီး ပြိုင်ပွဲတွင် ဆုရရှိသည့် ကလေးငယ်များအား ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပြိုင်ပွဲသို့ ပုဗ္ဗသီရိမြို့နယ် အဝါရောင်မျိုးဆက်သစ် လူငယ်ပရဟိတအသင်း(YGW) မှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များနှင့် နံရံကပ်စာစောင်များအား လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




ပတ်စရာ၊ မှတ်စရာ

ခံ့လင်

## သဘာဝနှင့် အားထုတ်မှု

* မျက်လုံးကလေးက ကြည်လင်တယ်
သမင်မလေးရယ် ။
ဘာဆေးစားတယ် သိချင်လှ
ပြောပြပါဦးဗျ ။
ဆေးကအထူး မဟုတ်ပါ
သစ်သီးသစ်ရွက်သာ ။
သဘာဝက ပေးတဲ့ဆေး
စားကြပါစို့လေး ။

* တောင်ကြားထဲက ဆူးလေးရယ်
ချွန်လှ ထက်လှတယ် ။
ဘာကြောင့်ရယ် ချွန်ထက်လှ
အကြောင်းရှိမည်ပ ။
ထုံးစာတ်ရယ်က ပြုပြင်ရှာ
ပြောင်းလဲသွားရတာ ။
အဲ့ဒါဟာ သဘာဝ
စွမ်းအင်ကြောင့်သာပ ။

* ရွှံ့နွံထဲက ကြာကလေးရယ်
မွှေးလှချည်လားကွယ် ။
ဘာကြောင့်ရယ် အလွန်မွှေး
သိချင်လှပေါ့လေး ။
ရည်ရွယ်ဝေးဝေး မတွေးသာ
သဘာဝကြောင့်ပါ ။
အိုင်သာတွင်းက ရွှံ့ညွန်အေး
အမွှေးဓာတ်ကိုပေး ။

* တောသုံးတောင်ကို အုပ်စိုးတယ်
ခြသေ့်ကြီးပေါ့ကွယ် ။
ဘာကြောင့်ရယ် သူအုပ်စိုး
ကြီးပ့ါ ဘုန်းတန်ခိုး ။
အမျိုးစုံတဲ့ ဂုဏ်သရေ
ပိုင်ဆိုင်ထားတယ်လေ ။
သေဝပ်လိုက်နာ စည်းကမ်းများ
နိုင်မြဲသစ္စာတရား ။

* အမျိုးကောင်းသားတို့ အောင်မြင်တယ်
ဘာကြောင့်ပါလဲကွယ် ။
ဌွဲ၊ လုံ့လရယ် အရင်းပြု
နိုင်တည် လေးစားမှု ။
ကိုယ့်အားကိုးမှု စွဲမြဲစွာ
ကြိုးစားကြခါခါ ။
သဘာဝကို အားသစ်ပေါင်း
အောင်မြင်ကြစေကြောင်း ။ ။

**ဦးလေးမောင် (မဟာနွယ်စဉ်)**

# (၁၆၆)နှစ်ပြည့်မည့် မန္တလေးမြို့တည်နှစ်နှင့် သိထားအပ်သည့် မန္တလေးမြို့တည်နေ့စွဲ

ကျွန်တော် ပြက္ခဒိန်ကို ကြည့်နေမိပါသည်။

မကြာသေးခင်က တစ်ခေါက်ကြည့်ပြီးသား ဖြစ်သော်လည်း နေ့စွဲကို မမှတ်မိ၍ ထပ်ကြည့်ခြင်း ဖြစ်ပါသည်။

ကျွန်တော် ကြည့်နေသောနေ့သည် ၂၀၂၅ ခုနှစ်၊ ဧပြီ ၂၅ ရက် သောကြာနေ့ဖြစ်ပါသည်။ ဧပြီလ၏ နောက်ဆုံးအပတ် သောကြာနေ့ဖြစ်သည်။ အမှန်ဆိုလျှင် ဤနေ့သည် ကျွန်တော်တို့၏ ချမ်းအေးသာစံမြို့နယ် စာရေးဆရာအသင်းနှင့် ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ပြီး စတုတ္ထအကြိမ် စာတမ်းဖတ်ပွဲကျင်းပရန် စီစဉ်ထားပြီးဖြစ်ပါသည်။ လတစ်လ၏နောက်ဆုံး သောကြာနေ့တွင် စာတမ်းဖတ်ပွဲကျင်းပရန် သတ်မှတ်ထားပါသည်။

သို့သော် ယခု ဧပြီလတွင်မူ မကျင်းပဖြစ်တော့ပါ။

၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်က ဖြစ်ပွားခဲ့သော ကြီးမားသည့် ငလျင်ဘေးဒဏ်ကြောင့် မကျင်းပနိုင်ခြင်း ဖြစ်ပါသည်။

တိုက်ဆိုင်စွာပင် ထို ၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်သည် မတ်လ၏ နောက်ဆုံးသောကြာနေ့ ဖြစ်သဖြင့် ထိုနေ့ နံနက်ပိုင်းတွင် ကျွန်တော်တို့သည် တတိယအကြိမ် စာတမ်းဖတ်ပွဲကို ကျင်းပခဲ့ပါသေးသည်။

ကျွန်တော် ကြည့်နေသော ပြက္ခဒိန်သည် လသုံးလဖော်ပြထားသည့် ရွက်ကြီးပြက္ခဒိန်ဖြစ်ပါသည်။ မတ်လ၊ ဧပြီလ၊ မေလတို့ကို ဖော်ပြထားပါသည်။

နောက်လဖြစ်သည့် မေလ နောက်ဆုံး သောကြာနေ့၏ နေ့စွဲကို သိလို၍ ကျွန်တော် ပြက္ခဒိန်ကို ကြည့်လိုက်ပါသည်။

မေလနောက်ဆုံး သောကြာနေ့သည် ၂၀၂၅ ခုနှစ်၊ မေ ၃၀ ရက် ဖြစ်ပါသည်။

ရုတ်ခြည်းဆိုသလို ကျွန်တော့်စိတ်ထဲတွင် နေ့စွဲတစ်ခုကို သတိရလိုက်မိပါသည်။

ထိုနေ့စွဲသည် မေလထဲတွင် ကျရောက်သည်ကို ကျွန်တော် ယေဘုယျသိထားပါသည်။

ထိုနေ့စွဲသည်ကား မန္တလေးမြို့ကို တည်ထောင်သော နေ့စွဲ၊ မန္တလေးမြို့တည်နေ့ ဖြစ်ပါသည်။

သို့ရာတွင် ထိုမန္တလေးမြို့တည် နေ့စွဲကို ပြက္ခဒိန်ထဲမှာ ဖော်ပြထားမည် မဟုတ်ပါ။



ထို့အပြင် ပြက္ခဒိန်ကြည့်ခြင်းအားဖြင့်လည်း မန္တလေးမြို့တည်နေ့ကို သိရှိနိုင်မည် မဟုတ်ပါ။

ယခုလည်း ကျွန်တော့်ရှေ့မှောက်မှာ ပြက္ခဒိန်ရှိနေသည်။ မေလ ပြက္ခဒိန်ဇယားကွက်ကို မြင်နေရသည်။

သို့သော် မန္တလေးမြို့တည်နေ့ကို ကျွန်တော် မသိနိုင်ပါ။

မန္တလေးမြို့တည်နေ့ကို သိဖို့ရာ ကျွန်တော်သည် မန္တလေးသမိုင်းကို သိထားရပါမည်။

မန္တလေးသမိုင်းကို ကျွန်တော်အတော်များများ သိထားပါသည်။ မန္တလေးသမိုင်းစာအုပ်တွေ အတော်များများ ဖတ်ဖူးထားသောကြောင့်ဖြစ်ပါသည်။

ထိုမန္တလေးသမိုင်းစာအုပ်များထဲတွင် မန္တလေးမြို့တည်နေ့စွဲကို ကျွန်တော်အကြိမ်ပေါင်းများစွာ ဖတ်ခဲ့ရပါသည်။ သို့ရာတွင် ယခုမိမိသိချင်သော အချိန်တွင် ကျွန်တော် မမှတ်မိပါ။



မန္တလေးမြို့တည်နေ့စွဲကို ကျွန်တော်သည် သာမန်ကာလျှံကာသာ ဖတ်ခဲ့ပါလား။ အလေးအနက် မထားခဲ့ပါလား။ အသေအချာ မမှတ်သားခဲ့ပါလား ဆိုပြီး ကိုယ့်ကိုယ်ကိုယ် ဝမ်းနည်းစွာ အပြစ်တင်နေမိပါသည်။

မိမိကြည့်နေသော ပြက္ခဒိန်ရှေ့မှာ မန္တလေးမြို့တည်နေ့ကို ရှာမတွေ့နိုင်သူပါလားဟု ကျွန်တော် တွေးနေမိပါသည်။

ကျွန်တော် မည်သို့လုပ်ရမည်နည်း။

အိမ်အပေါ်ထပ်တက်ပြီး မန္တလေးသမိုင်းစာအုပ်တွေ ရှာဖတ်လျှင် သိနိုင်မည်ကို ကျွန်တော် တွေးမိပါသည်။

သို့သော် ငလျင်လှုပ်ထား၍ စာအုပ်များ ဖရိုဖရဲဖြစ်နေသည်ကို ပြန်မရှင်းရသေး။ ပြန်မစီရသေးပါ။ တက်ရှာလျှင် တွေ့ချင်မှတွေ့မည်။ ကျွန်တော်စိတ်ရှုပ်နေမိပါသည်။

ကျွန်တော် ချက်ချင်း သတိရမိလိုက်ပါသည်။

စိတ်ထဲမှာလည်း အလွန်ဝမ်းသာမိသွားပါသည်။

သိပ်မကြာသေးခင်က နန်းမြို့ရိုးကျုံးဘေးမှာ ညနေပိုင်းလမ်းလျှောက်ထွက်စဉ်က "ကျွန်းလုံးယူတံခါး" နားမှာ ကျွန်တော်သည် ကမ္ပည်းမော်ကွန်းတိုင်ကို ဓာတ်ပုံရိုက်ခဲ့ပါသည်။

ဖုန်းထဲမှာ ရိုက်ခဲ့သော ဓာတ်ပုံကို ကျွန်တော် ရှာကြည့်ပါသည်။ တွေ့ပါသည်။ ကျွန်တော်အလွန်ဝမ်းသာမိပါသည်။

ကမ္ပည်းစာကို ကျွန်တော်ဖတ်ကြည့်ပါသည်။

ကမ္ပည်းစာသားကို ဖော်ပြပါမည်။

"သက္ကရာဇ် ၁၂၂၁ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်နေ့၊ ညည့် ၃ ချက်တီးကျော် ၇ ရက်၊



တနင်းလာနေ့အဝင် ၄ နာရီ ၂ ပါဒ်အချိန်တည် ရတနာပုံမ် ရွှေမြို့ဝ့်တော်ကြီး ကျွန်းလုံမ်းယူတံခါး" ဟု ရေးသားထားပါသည်။ မူရင်းသတ်ပုံအတိုင်း ဖြစ်ပါသည်။

ကျွန်းလုံးယူတံခါးသည် နန်းမြို့ရိုး၏ တောင်ဘက်ခြမ်း အရှေ့စွန်း၌ ရှိပါသည်။

ဤဓာတ်ပုံကို ၂၀၂၅ ခုနှစ်၊ မတ် ၁၉ ရက် ညနေတွင် ကျွန်တော်ရိုက်ထားခြင်းဖြစ်ပါသည်။ လွန်ခဲ့သော တစ်လခွဲခန့်က ဖြစ်ပါသည်။

ကျွန်းလုံးယူတံခါးမော်ကွန်းတိုင်ဓာတ်ပုံကို ရရှိရုံဖြင့် မပြီးသေးဘူး၊ နောက်ခံသမိုင်းအကြောင်းအရာအချက်အလက်များကို ရှာဖွေလေ့လာရဦးမည်။ ဖော်ပြရဦးမည်ဟု ကျွန်တော်တွေးမိပါသည်။

သို့ဖြစ်၍ မိမိထံတွင်ရှိသည့် စာအုပ်တွေထဲမှာ မန္တလေးသမိုင်းစာအုပ်များကို ရှာဖွေရတော့သည်။ မိမိဖတ်ရှုရသည်များကို ပြန်လည်ဖော်ပြအပ်ပါသည်။

ရွှေကိုင်းသား၏ "အနှစ် ၁၀၀ ပြည့် မန္တလေး" စာအုပ်မှ ထုတ်နုတ်ဖော်ပြအပ်ပါသည်။

"အုတ်ကျစ်ကျော်ဇ မန္တလေး"

မန္တလေးမြို့တည်နန်းတည် မင်းတရားကြီးသည် မန္တလေးရွှေမြို့တော်ကြီးကို သိုက်စာဟောင်းများ ထွက်ဆိုထားသည်နှင့် အညီ သာသနာတော် ၂၄၀၀ ပြည့်မီအောင် ၁၂၁၈ ခု၊ တပို့တွဲလမှစ၍ ပန္နက်ချတည်လုပ်ခဲ့သည် ဆိုသော်လည်း မြို့တော်ဟု ခေါ်ဆိုအပ်သော အုတ်မြို့ရိုးကြီးနှင့်တကွ ခုနစ်ဌာနတို့ကိုမူကား မော်ကွန်းတွင် ဖော်ပြထားသည့် အတိုင်း ၁၂၂၁ ခု၊ ကဆုန်လကျမှ စတင်တည်လုပ်ရလေတော့သည်။

ထို့ကြောင့် မန္တလေးမြို့တည်သက္ကရာဇ်ကို မော်ကွန်းစာတမ်းနှင့်အညီ "အုတ်ကျစ်ကျော်ဇ မန္တလေး" ဟူသော အမှတ်သင်္ကေတဖြင့် အများသူငါ ရေးမှတ်ခေါ်ဝေါ်နေကြခြင်း ဖြစ်လေသည်။"

အထက်ပါအတိုင်း မန္တလေးမြို့တည်နှစ် ၁၂၂၁ ခုကို "အုတ်ကျစ်ကျော်ဇ မန္တလေး" ဟု ဖတ်ရ၊ သိရသကဲ့သို့ "အောင်ကျော်ချမ်းအေး မန္တလေး"၊ "အင်ကြင်းကြာအုံ ရတနာပုံ" ဟူ၍လည်း သိထား၊ မှတ်ထားဖူးပါသည်။

သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း၏ "နယ်လှည့်ရာဇဝင်" ဒုတိယတွဲ၌ "၁၂၂၁ ခု ကဆုန်လပြည့်ကျော် ၆ ရက် ( 22 May 1859)မြို့တော်ခုနစ်ဌာနအုတ်မြစ်ချ။ နန်းမြို့တံခါးတော် တစ်ဆယ့်နှစ်မှာ ပြဒိုး၊ ပြာသာဒ်တိုင်ထူ၊ တံခါးအမည်နဲ့ မော်ကွန်းတိုင်စိုက်" ဟု ရေးသားဖော်ပြထားပါသည်။

သို့ဖြစ်ပါ၍ မြန်မာသက္ကရာဇ်အားဖြင့် "၁၂၂၁ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်" သည် ခရစ်သက္ကရာဇ်အားဖြင့် "22 May 1859" ဟု သိရပါသည်။

သို့ဖြစ်ပါ၍ ယခုနှစ် မြန်မာသက္ကရာဇ် ၁၃၈၇ ခု၏ ကဆုန်လပြည့်ကျော် ၆ ရက်သည်လည်းကောင်း၊ ခရစ်နှစ် ၂၀၂၅ ခု၏ မေလ ၁၇ ရက်သည်လည်းကောင်း မန္တလေးမြို့တည်နေ့စွဲ ဖြစ်ပါသည်။

မန္တလေးမြို့တည်နှစ် (၁၆၆)နှစ်ပြည့်သောနေ့ ဖြစ်ပါသည်။

စိုင်းအောင်မိန်း(မိုတိုင်း)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Avatar 3 ကို ဒစ်စနေးအမှုဆောင်အရာရှိချုပ်က ကြိုက်နှစ်သက်ခဲ့




၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထွက်ရှိခဲ့သည့် Avatar 3 ကို ဂျိမ်းစ်ကင်မရွန်က အားထုတ်ရာ ဒစ်စနေးအမှုဆောင်အရာရှိချုပ် ဘော့အီဂါက ကြိုက်နှစ်သက်သည်ဟု ပြောကြားထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင်ကို ၂၀၂၅ ခုနှစ် အစုရှယ်ယာရှင်များ နှစ်ပတ်လည် အစည်းအဝေးတွင် ရုပ်ရှင်အကြောင်း သီးသန့်အပိုင်း၌ Avatar ; Fire and Ash အစောပိုင်းပုံစံကို ကြည့်ခွင့်ရခဲ့သည့် ဘော့အီဂါက ကြိုက်နှစ်သက်ကြောင်း ပြောကြားထားသည်။

ယင်း Avatar ရုပ်ရှင်ကားများ အောင်မြင်မှု ရရှိထားပြီး ပထမရုပ်ရှင်မှာ အမြင့်ဆုံးဝင်ငွေရခဲ့ကာ နောက်ဆက်တွဲ The Way of Water မှာ တတိယဝင်ငွေ အမြင့်ဆုံးဖြစ်ခဲ့ကာ ၂၀၁၄ ခုနှစ်တွင် ရုံတင်ရန် ရည်ရွယ်ခဲ့သော်လည်း ၂၀၂၂ ခုနှစ်မှ ရုံတင်ခဲ့ရပြီး Avatar: Fire and Ash မှာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာမှ ၂၀၂၅ ခုနှစ် နှစ်ကုန်အထိ ရွှေ့ဆိုင်းခံခဲ့ရသည်။

(SKY)

*-*-*-*-*-*-*



## သဘာဝအလျောက် သန့်စင်သော ဟိုက်ဒရိုဂျင်ကို ရှာဖွေရန် လိုအပ်သည့် ဘူမိဗေဒဆိုင်ရာ အချက်များ ဖော်ထုတ်နိုင်

အောက်စဖို့ဒ်တက္ကသိုလ်၊ ဒါဟမ်တက္ကသိုလ်နှင့် တိုရွန်တိုတက္ကသိုလ်တို့မှ သိပ္ပံပညာရှင်များသည် ကမ္ဘာမြေအောက်ရှိ သဘာဝအလျောက် သန့်စင်သော ဟိုက်ဒရိုဂျင်ကို ရှာဖွေရန် လိုအပ်သည့် ဘူမိဗေဒဆိုင်ရာ အချက်များကို မကြာသေးမီက ဖော်ထုတ်နိုင်ခဲ့သည်။

ယင်းသဘာဝ ဟိုက်ဒရိုဂျင်ကို ကမ္ဘာမြေက နှစ်သန်းပေါင်းများစွာ ကြာလာသည့်အခါ ထုတ်လုပ်နိုင်ပြီး သင့်လျော်သော ကျောက်လွှာဖွဲ့စည်းပုံများအတွင်း တည်ရှိနေနိုင်မည်ဟု ဆိုသည်။

လေ့လာမှုအရ ဟိုက်ဒရိုဂျင်ကို ထိန်းသိမ်းထားနိုင်သည့် အခြေအနေများသည် ကမ္ဘာတစ်ဝန်းရှိ နေရာများစွာတွင် တည်ရှိကြောင်း ဖော်ပြထားပြီး ၎င်းသည် အမှန်တကယ်ပင် ကမ္ဘာလုံးဆိုင်ရာ အခွင့်အလမ်းတစ်ခု ဖြစ်စေသည်။

ဟိုက်ဒရိုဂျင်ကို ယနေ့ခေတ်တွင် မျိုးဆက်ပွားအားဆေးနှင့် ခေတ်မီဘဝကို အထောက်အကူပြုသည့် အခြားအရေးကြီးသော ဓာတုပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုနေကြောင်း သိရသည်။

(SCI)



## Resident Playbook တက်သစ်စ ဆရာဝန်လေးများဇာတ်ကား ရေပန်းစားနေ

၂၀၂၅ ခုနှစ်တွင် ထွက်ရှိထားသည့် Resident Playbook တက်သစ်စ ဆရာဝန်လေးများ ဇာတ်လမ်းတွဲသည် ပရိသတ်ကြား ရေပန်းစားနေကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားမှာ နာမည်ကြီး Hospital Playlist ၏ ဇာတ်လမ်းတွဲ အဆက်ဖြစ်ပြီး တက္ကသိုလ်ဆေးရုံမှ ပါမောက္ခ ဆရာဝန်များ၏ ဘဝနှင့် သူငယ်ချင်းသံယောဇဉ်များကို ပုံဖော်ပြသထားသည်။

နာမည်ကြီး အနုပညာရှင် ကန်ယူဆွတ်၊ ဂိုယောင်ဂျောင်းတို့အပြင် အနုပညာရှင်များစွာ ပါဝင်ထားကာ တက်သစ်စ ဆရာဝန်လေးများ၏ နေ့၊ ည မနားကြိုးစား၍ ဆရာဝန်ကောင်းဖြစ်လာရန် ကြိုးစားကြပုံ၊ ချစ်စရာသူငယ်ချင်းဆက်ဆံရေးနှင့် ဆေးဘက်ဆိုင်ရာ ဗဟုသုတများကြောင့် ပရိသတ်ကြားတွင် ရေပန်းစားနေသည်။

(SKY)

## Go Min Si က အကြိမ်တစ်ထောင်ကျော် အငြင်းခံရသော်လည်း ကြိုးစား၍ အောင်မြင်ခဲ့

တောင်ကိုရီးယားအနုပညာလောကတွင် အချို့က ကံကောင်းစွာ Audition အောင်၍ ပွဲဦးထွက်ခွင့်ရခဲ့သော်လည်း မင်းသမီး ဂိုမင်ဆီက အကြိမ်တစ်ထောင်ကျော် အငြင်းခံရပြီးမှ ကြိုးစားပြုပြင်၍ အောင်မြင်ခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂိုမင်ဆီက ၂၀၁၆ ခုနှစ် အသက် ၂၁ နှစ်နှင့် သရုပ်ဆောင်လောကသို့ ခက်ခဲစွာ ဝင်ရောက်ခဲ့ရကာ ရွေးချယ်မှုပေါင်း တစ်ထောင်ကျော်ကို ဝင်ရောက်ခဲ့ရာ အငြင်းခံရ၍ သူမ၏ ကျဆုံးမှုကို အတွေ့အကြုံအဖြစ် သင်ယူခဲ့သည်။

ကျဆုံးရခြင်းအကြောင်းကို သိရှိ၍ အမှားကို ပြင်ဆင်ကာ စိန်ခေါ်မှုများနှင့် မနားတမ်းပြေးခဲ့ရာမှ စွယ်စုံရ ပါရမီရှင်ဖြစ်လာပြီး ဒါရိုက်တာများကပင် ချီးကျူးခံခဲ့ရသည်။

ဂိုမင်ဆီကို Love Alarm, Sweet Home, Youth of May နှင့် The Frog ဇာတ်လမ်းတွဲများနှင့် လူသိများခဲ့သည်။

(SKY)





## Brightvachirawit ပြည်တွင်း၊ ပြည်ပခရီးစဉ် များခဲ့

ထိုင်းအနုပညာရှင် ဘရိုက်ဗာချီရာဝပ်သည် ပြည်တွင်း၊ပြည်ပခရီးစဉ်များနှင့် ပွဲတက်နေရ၍ အချိန်ကုန်ဆုံးနေရသော်လည်း အားလပ်ချိန်တွင် ချစ်သူနှင့်အတူ ကုန်ဆုံးနေကြောင်း ထိုင်းအတ်ပ်ဒိတ်တွင် ဖော်ပြသည်။

ဘရိုက်ဗာချီရာဝပ်နှင့် ချစ်သူ နီနီတို့ ၂၀၂၃ ခုနှစ်မှစ၍ ချစ်သူသက်တမ်း သုံးနှစ်ကို ပရိသတ်ဝေဖန်သံများကြားမှ အောင်မြင်စွာ ဖြတ်ကျော်ခဲ့ကြသည်။

ဘရိုက်ဗာချီရာဝပ်ကို ချစ်သူ နီနီက ကြင်နာတတ်သူဟု ပြောလေ့ရှိခဲ့ရာ အလုပ်ချိန်များနှင့် ပြည့်နေသည့်ကြားမှ အားလပ်ချိန်ရလျှင် ချစ်သူထံ အရောက်ပြေး၍ အနားယူ အပန်းဖြေလေ့ရှိသည်။

(SKY)

## ကျန်းမာရေးလိုက်စား၍ နုပျိုနေဆဲဖြစ်သည့် ကင်နီဟို

ကျန်ကျောင်းမင်းသားဟု လူသိများခဲ့သည့် ကန်နီဟို(ခေါ်)ရှီရှောင်ချောင်သည် ငယ်စဉ်ကပင် ကျန်းမာရေးလိုက်စားသူဖြစ်၍ အသက် ၆၀ ကျော်ပြီ ဖြစ်သော်လည်း နုပျိုလန်းဆန်းတက်ကြွနေဆဲဖြစ်ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



တရုတ်နိုင်ငံတွင် အသက် ၆၀ ကျော်များကို ဆံပင်တစ်ခါညှပ်လျှင် နှစ်ယွမ်နှင့် ညှပ်ပေး၍ ကန်နီဟိုက သွားရောက်တန်းစီရာမှ အလှည့်ရောက်ချိန်တွင် အသက် ၆၃ နှစ်ရှိကြောင်း မှတ်ပုံတင်ထုတ်ပြ၍ ရှင်းခဲ့ရသည်အထိ နုပျိုနေဆဲဖြစ်သည်။

ကန်နီဟို၏ လျှို့ဝှက်ချက်မှာ ကျန်းမာရေးလိုက်စားသောကြောင့်ဖြစ်ပြီး သက်တူရွယ်တူများ အိုမင်း၍ နားမကျန်းဖြစ်နေချိန် လမ်းလျှောက်၊ ဘောလုံးကန်၊ ထိုက်ကျိကစားခြင်းတို့နှင့် ပျော်မွေ့နေသူဖြစ်သည်။(SKY)

## Liu Yifei နိုင်ငံသားခံယူမှုအပေါ် အကြိမ်ကြိမ် တိုက်ခိုက်ခံနေရ

တရုတ်အနုပညာလောကတွင် အနှစ် ၂၀ ကြာ ထိပ်ဆုံးစာရင်းဝင်ဖြစ်ခဲ့သော လျူရီဖိန်းကို အမေရိကန်နိုင်ငံသား ခံယူမှုနှင့် ပတ်သက်၍ အကြိမ်ကြိမ် တိုက်ခိုက်ခံခဲ့ရကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လျူရီဖိန်းသည် မိဘများကွာရှင်းမှုကြောင့် မိခင်နှင့် နယူးယော့ခ်တွင် လိုက်နေကာ အမေရိကန်နိုင်ငံသား ခံယူခဲ့ပြီးမှ တရုတ်သို့ ပြန်လာကာ အနုပညာလောကတွင် ထိပ်တန်းစာရင်းဝင်ဖြစ်ခဲ့သည့်အပေါ် လူထုက နိုင်ငံချင်း ပဋိပက္ခရှိတိုင်း တိုက်ခိုက်စရာ ပစ်မှတ်ဖြစ်ခဲ့သည်။

လက်ရှိရှေးဟောင်းရုပ်ရှင်ကားသစ် ရိုက်ကူးမည့်သတင်းထွက်ရှိလာ၍ လျူရီဖိန်းကို အမေရိကန်နိုင်ငံသား ခံယူမှုအပေါ် အပြစ်ရှာလာကာ ငွေရရန် တရုတ်ပြည်သို့ ပြန်လာသည်ဟု တိုက်ခိုက်ပြောဆိုထားကြသည်။

(SKY)



# မိုးစပါး၊ မိုးသီးနှံမျိုးစေ့ထုတ်စိုက်ခင်းနှင့် စံပြကွက်များအတွက် မျိုးစေ့ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

**မိုင်းယောင်း မေ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် မေ ၂၁ ရက် နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါး၊ မိုးသီးနှံမျိုးစေ့ထုတ်စိုက်ခင်းနှင့် စံပြကွက်များအတွက် မျိုးစေ့ထောက်ပံ့ပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ မိုင်းယောင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ကျော်မိုးက မိုးစပါး၊ မိုးသီးနှံမျိုးစေ့ထုတ်စိုက်ခင်းနှင့် စံပြကွက်များအတွက် မျိုးစေ့ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ဆက်လက်၍ မိုးစပါး၊ မိုးသီးနှံစိုက်ပျိုးမည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက မျိုးကောင်းမျိုးသန့်မျိုးစေ့များကို ထောက်ပံ့ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ မိုင်းယောင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မိုင်းယောင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့်အဖွဲ့ဝင်များ၊ခရိုင်၊မြို့နယ် ဌာနဆိုင်ရာများ၊ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**နန်းပန်(ပြန်/ဆက်)**



---

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## ရေနှင့် သန့်ရှင်းမှုဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း၊ (၅/၂၀၂၅-၂၀၂၆)

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ(၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါလုပ်ငန်းအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (မြန်မာကျပ်ငွေ)ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသောကုမ္ပဏီများ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

**(က) တင်ဒါခေါ်ယူ၍ဆောင်ရွက်မည့် လုပ်ငန်းအမည်**
**(၁) ဒုဋ္ဌဝတီရေပေးရေးလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း**

| | | | |
|---|---|---|---|
| (ခ) | တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ | - | ၂၀၂၅ခုနှစ်၊ မေလ(၂၆)ရက် |
| (ဂ) | တင်ဒါပုံစံအရောင်းပိတ်မည့်နေ့ | - | ၂၀၂၅ခုနှစ်၊ ဇွန်လ(၆)ရက် |
| (ဃ) | တင်ဒါအချက်အလက်ရှင်းလင်းမည့်နေ့ | - | ၂၀၂၅ခုနှစ်၊ ဇွန်လ(၆)ရက် |
| (င) | တင်ဒါအာမခံကြေး(၁ရာခိုင်နှုန်း)ပေးသွင်းခြင်း | - | ၂၀၂၅ခုနှစ်၊ ဇွန်လ(၉)ရက် |
| | | | ၂၀၂၅ခုနှစ်၊ ဇွန်လ(၁၀)ရက် |
| (စ) | တင်ဒါပုံစံလက်ခံခြင်း | - | ၂၀၂၅ခုနှစ်၊ ဇွန်လ(၉)ရက် |
| (ဆ) | တင်ဒါပုံစံလက်ခံစာရင်းပိတ်ခြင်း | - | ၂၀၂၅ခုနှစ်၊ ဇွန်လ(၁၀)ရက် |
| (ဇ) | တင်ဒါဖွင့်မည့်နေ့ | - | ၂၀၂၅ခုနှစ်၊ ဇွန်လ(၁၁)ရက် |
| (ဈ) | တင်ဒါလျှောက်လွှာဈေးနှုန်း | - | တစ်စောင်လျှင် ၃၀၀၀၀ိ/-နှုန်း |

၂။ တင်ဒါပုံစံများအား (၂၆-၅-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဌာနသို့လာရောက်၍ ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ရေနှင့်သန့်ရှင်းမှုဌာန(ဖုန်း ၀၉-၂၂၁၅၆၇၅)သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရေနှင့်သန့်ရှင်းမှုဌာန**

---

# မန္တလေးဈေးကွက်အတွင်း မြေပဲဆန်ဈေးနှုန်းကောင်းနေ

**မန္တလေး မေ ၂၃**

မန္တလေး ဆီထွက်သီးနှံဈေးကွက်အတွင်းတွင် မြေပဲဆန်ဈေးနှုန်းမှာ ဆီစက်များက ဝယ်ယူမှု ကောင်းမွန်နေခြင်းကြောင့် ဈေးကောင်းလျက်ရှိကြောင်း မန္တလေးပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းမှ သိရသည်။ **(အောက်ပုံ)**

ပြည်သူများက မြေပဲဆီကို အရင်ကထက် ပိုမိုစားသုံးလာကြခြင်းကြောင့် ဝယ်လိုအားမြင့်တက်လာကြောင်း၊ ဈေးကွက်အတွင်းတွင် မြေပဲဆန်များ ဝင်ရောက်မှုကောင်းမွန်သော်လည်း သိုလှောင်သူများက ဝယ်ယူမှုများပြားနေခြင်းတို့ကြောင့် ဈေးကောင်းမွန်လာခြင်းဖြစ်သည်။

"မြေပဲဆန်ဈေးနှုန်းက အရင်လကထက် တစ်ပိဿာကို ငွေကျပ် တစ်ထောင်ကျော်လောက်ထိ မြင့်တက်လာတယ်။ အဓိကကတော့ ဝယ်လိုအား ကောင်းမွန်လာတဲ့အတွက် ဈေးကောင်းလာတာဖြစ်ပါတယ်။ အဝင်ကလည်းရှိနေတဲ့အတွက် ဈေးနှုန်းကတော့ သိသိသာသာ ဆက်တက်ဖို့တော့မရှိနိုင်ဘူးထင်ပါတယ်"ဟု အဆိုပါကထိန်တော်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးဈေးကွက်အတွင်းတွင် မြေပဲဆန် S1 တစ်ပိဿာလျှင် ငွေကျပ် ၉၈၀၀-၁၀၀၀၀ ရှိနေခြင်းကြောင့် ယခင်လကထက် ငွေကျပ် ၁၀၀၀ကျော်ခန့် မြင့်တက်ခဲ့ကြောင်း၊ S1 ဆီဆန် တစ်ပိဿာလျှင် ငွေကျပ် ၉၁၀၀-၉၅၀၀ ရှိခဲ့ပြီး ယခင်လကထက် ငွေကျပ်၁၂၀၀ ခန့်အထိ မြင့်တက်ခဲ့သည်။

မြေပဲများအား မြေနုကျွန်းများတွင် စိုက်ပျိုးကြပြီး ထွန်ယက်စိုက်ပျိုးစရိတ်၊ သွင်းအားစုစရိတ်၊ စက်သုံးဆီဈေးနှုန်းများကြောင့် စိုက်ပျိုးစရိတ်မြင့်တက်နေသော်လည်း လက်ရှိဖြစ်ပေါ်နေသောဈေးနှုန်းအခြေအနေကြောင့် တောင်သူများ အကျိုးအမြတ်ရရှိလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ရ)**



၀-၀-၀-၀-၀

---

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၀/၂၆)နေ ဦးအောင်ကျော်မိုး (ဘ)ဦးဖိုးတူး(၅/ဝလန(နိုင်)၀၉၈၃၄၇)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ အကွက်အမှတ်(၆/၃) နန္ဒဝန်ရပ်ကွက်၊ ဦးပိုင်အမှတ်(၂၅)၊ မြေဧရိယာ(၀ ဒသမ ၁၉၁)ဧရိယာဧကအကျယ်အဝန်းရှိ ဂရန်အမှုတွဲအမှတ်(၃၁၅/၂၀၁၆-၂၀၁၇)ဖြင့် ဒေါ်ခင်မျိုးထွေး(၁၃/နခန(နိုင်)၀၀၆၉၉၇)အမည်ဖြင့်ရရှိထားသော ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အမည်ပေါက်သူထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၈၈/၂၀၂၂)ဖြင့် လွှဲအပ်ထားခြင်းခံရသူ ဦးအောင်ကျော်ဋ္ဌေး(ဘ)ဦးညွှန့်မောင်(၅/ပလန(နိုင်)၀၁၇၉၉၈)ကိုင်ဆောင်သူမှ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကျော်မိုးက ဝယ်ယူရန်သဘောတူညီပြီးဖြစ်သဖြင့် ရောင်းကြေးစရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါဂရန်မြေကွက်၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးဝဏ္ဏဆွေ(တရားလွှတ်တော်ရှေ့နေ)**
**(စဉ်-၁၁၅၉၇)**

**ဦးကျော်ဝဏ္ဏ(အထက်တန်းရှေ့နေ)** (စဉ်-၅၆၈၆၁)

**ဒေါ်ခင်မိုးဦး(အထက်တန်းရှေ့နေ)** (စဉ်-၅၆၈၈၁)

အမှတ်(က-၄/၅၈)၊ ၁၁၁အေလမ်း၊ ၆၈အေလမ်းနှင့် ၆၈ဘီလမ်းကြား၊ အမှတ်(၅)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၆၄၄၁၅၁၅၀

---

# မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၇၂၀ ဧက လျာထားစိုက်ပျိုးမည်

**ပွင့်ဖြူ မေ ၂၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၇၂၀ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၇၂၀ဧက စိုက်ပျိုးရန် လျာထားပြီး လက်ရှိအချိန်တွင် နှမ်းသီးနှံများ စိုက်ပျိုးနိုင်ရေး လယ်ယာမြေများ ထွန်ယက်ပြုပြင်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ နှမ်း ၂၄၇၂၀ ဧက စိုက်ပျိုးသွားဖို့ လျာထားပါတယ်။ လက်ရှိအချိန်မှာ နှမ်းများ စိုက်ပျိုးနိုင်ဖို့ လယ်ယာမြေထွန်ယက်ပြုပြင်တာတွေကို လုပ်ဆောင်နေကြပါတယ်။ သတ်မှတ်လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့နဲ့ တစ်ဧက ပန်းတိုင်အထွက်နှုန်းများ ရရှိဖို့ ကြိုးကြပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ထွက်ရှိလာတဲ့ သီးနှံများ အရည်အသွေးကောင်းဖို့အတွက် GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် နှမ်းသီးနှံကို တောင်သူများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊အထွက်နှုန်းများ ကောင်းမွန်စေရေး၊ မျိုးကောင်းမျိုးသန့် များ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းပြီး စိုက်ပျိုးရေး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

(၄၄၅)



၀-၀-၀-၀

---

## ဥတ္တရာသီ
## တောက်ပွဲမို့၏

---

# ဦးမျိုးမြင့် အသက်(၆၇)နှစ်
## အင်/ယာ(ငြိမ်း)ဆောက်လုပ်ရေး၊
## အဆောက်အဦ အထူးအဖွဲ့(၆)(မန္တလေး)

ဦးမြတ်သွင်+ဒေါ်သိန်းရွှေတို့၏သား၊ (ဒေါ်ခင်မာ)၏ ခင်ပွန်း၊ ဦးမျိုးသက်မွန်+ဒေါ်ဂျူလိုင်ငြိမ်းငြိမ်း၊ ဒေါ်မျိုးယုမွန်၊ ဒေါ်မျိုးသီရိမွန်၊ ဦးမျိုးထက်မွန်+ဒေါ်ဝင့်ဝါဦးတို့၏ ဖခင်ကြီး၊ မရွှန်းလဲ့မွန်၊ မောင်ဘုန်းခန့်ဈာန်တို့၏ အဘိုး

## ဦးမျိုးမြင့် အသက်(၆၇)နှစ်

သည် ၂၂-၅-၂၀၂၅ရက် ကြာသပတေးနေ့ နံနက် ၁၂း၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၄-၅-၂၀၂၅ရက် စနေနေ့ နံနက် ၁၀း၀၀နာရီတွင် မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံမြို့သစ်၊ (စ)ရပ်ကွက်၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြား၊ ၅၈(A)လမ်း၊ ထထ-၉/၄၇ နေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မထွက်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက် ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ဒီမိုကရေစီယဉ်ကျေးမှုဆိုတာ လူတစ်ဦးချင်း (သို့မဟုတ်) အဖွဲ့လိုက်ရဲ့ လိုအင်ဆန္ဒတွေကို ပဋိပက္ခလုပ်မှု၊ အကြမ်းဖက်ဖော်ဆောင်မှုတွေကနေ ရှောင်ရှားပြီး ငြိမ်းချမ်းတဲ့နည်းနဲ့ ဖော်ဆောင်ခြင်းဖြစ်တယ်ဆိုတာကို အမြဲနှလုံးသွင်း ဆောင်ရွက်ကြဖို့လိုပါတယ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကျရောက်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ချုပ်ဆိုခြင်း (၉)နှစ်မြောက်နှစ်ပတ်လည်နေ့တွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) အထူးကုသမှုစင်တာတို့၌ ဆေးရုံတက်ရောက်ဆေးကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် မေ ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) အထူးကုသမှုစင်တာတို့၌ ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့်အရာရှိ စစ်သည်၊ မိသားစုများအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

စာမျက်နှာ ၅ သို့ ✭



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း မင်္ဂလာဒုံမြို့နယ် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ၌ ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသူများအား စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

## အာရှဖလား တတိယအဆင့် ခြေစစ်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်မှုများ ယနေ့စတင်ပြုလုပ်



ရန်ကုန် မေ ၂၃

မြန်မာ့လက်ရွေးစင်အသင်းသည် လာမည့် ဇွန်လတွင် ယှဉ်ပြိုင်ကစားမည့် ၂၀၂၇ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲစဉ်အတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် ယနေ့မှစတင်ကာ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ (ဓါတ်ပုံ)

မြန်မာ့လက်ရွေးစင်အသင်းကို နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်းက ဆက်လက် ကိုင်တွယ်မည်ဖြစ်ပြီး ပဏာမကစားသမား ၃၀ ကျော်ဖြင့် ဖွဲ့စည်းထားသည်။ ပြည်ပကလပ်အသင်းများတွင် ကစားနေသူအချို့နှင့် မြန်မာ ယူ-၂၂ လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံထားရသူ အချို့မှာမူ နောက်ကျမှ ပူးပေါင်းနိုင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း ပါဝင်ယှဉ်ပြိုင်မည့် ၂၀၂၇ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲသည် လာမည့် ဇွန် ၁၀ ရက်တွင် စတင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သောကြောင့် လက်ရွေးစင်အသင်းအနေဖြင့် နှစ်ပတ်ဝန်းကျင်အကြာ အချိန်ယူပြင်ဆင်လေ့ကျင့်ခွင့်ရရှိဦးမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် ဆီးရီးယား၊ အာဖဂန်နစ္စတန်၊ ပါကစ္စတန်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး လာမည့် ဇွန် ၁၀ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ပါကစ္စတန်အသင်းနှင့် စတင် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

(NGB)